
စိတ်ကူးချိုချိုအနုပညာ

သော်တာဆွေ

# ရန်အောင်ရတနာနှင့် ပျားစွဲသောမုတ်ဆိတ်



mgyoe.com



TTS0013
2,500.00 KS

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၇၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
အပြင်အဆင် - အမ်အက်စ်အို
၂၀၁၃၊ မတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၂၅၀၀ ကျပ်

၀၉၅.၈၃

ရန်အောင်ရတနာနှင့်ပျားစွဲသောမုတ်ဆိတ်
သော်တာဆွေ၊ -ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ၊ ၂၀၁၃၊
စာမျက်နှာ ၂၂၄ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ
(၁) ရန်အောင်ရတနာနှင့်ပျားစွဲသောမုတ်ဆိတ်

mgyoe.com

## မာတိကာ

သော်တာဆွေ၏ လက်ရာမွန်ဝတ္ထု ၂ ပုဒ်

၁။ ရန်အောင်ရတနာ
၂။ ပျားစွဲသောမုတ်ဆိတ်

mgyoe.com

mgyoe.com

စာရေးဆရာကြီး သော်တာဆွေ၏ ပထမဦးဆုံး လက်ရာလည်းဖြစ်၊ တစ်ပုဒ်တည်းသော စုံထောက်ဝတ္ထုလည်းဖြစ်သော ရန်အောင်ရတနာဝတ္ထုနှင့် များစွာသော မှတ်ဆိတ် ဝတ္ထု ၂ ပုဒ်အား တစ်ပေါင်းတည်း ရိုက်နှိပ်လိုက်ခြင်း ဖြစ်ပါသည်။

mgyoe.com

mgyoe.com

# ရန်အောင်ရတနာ

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## အလွန်တရာ စိတ်ဆိုးခက်ထန်နေသောသူ

''ဗိုု... ကိုစောလွင်... ထတော့ဗျ၊ အိပ်လှချည်ကလား''

အပြင်ဘက်ဧည့်ခန်းမှ ကိုတောက်ထွန်း၏ နှိုးသံကို ကြားရသဖြင့်၊ ကျွန်တော်သည် စောင်ခြုံကိုခွာ၍ အညောင်းဆန့်ရင်း...

''ထပါပြီဗျ... ဘာကိစ္စများရှိလို့ပါလိမ့်၊ စောစောစီးစီး...''

''အောင်မယ်... ဒါများစောသေးလားဗျာ... ၇ နာရီတောင်ခွဲနေပြီ''

''ကျွန်တော့အဖို့တော့ စောပြီလားဗျာ၊ ရှစ်နာရီခွဲအောင် အိပ်မယ်ကြံထားတာ၊ ညက နာရီပြန်တစ်ချက်ထိအောင် စာရေးရတာဗျ၊ အနို့... ခင်ဗျား ဘာကြောင့် လမ်းလျှောက်မသွားသေးတာလဲ''

ကိုတောက်ထွန်းသည် ခါတိုင်းနေ့များ၌ ကျွန်တော်အိပ်ရာက မထမီ စောစီးစွာ လမ်းလျှောက်သွားတတ်၍ တစ်ခါတစ်ရံ နံနက် ထမင်းစားချိန်လွန်မှပင် ပြန်လာလေ့ရှိ၏။

''လာပါဗျာ... ထခဲ့ပါတော့၊ ကိစ္စရှိလို့ပါ၊ ဒီလောက်အိပ်ရမှ အိပ်ရေးဝလောက်ရောပေါ့''

''ခင်ဗျား တယ်ဇိမ်ဖျက်တဲ့လူဗျာ၊ ဒီမှာ အိပ်မက်ကောင်းမက်နေတုန်းမှ အရေးကောင်း ဒိန်းဒေါင်းဖျက်တာပဲ၊ အိပ်မက်မှ နံနံချာချာမဟုတ်ဘူး၊ အဓိပတိ အိပ်မက်ဗျ''

''အမယ်... ဘယ်လိုများမက်တာတုံး...''

''ဟာ... မပြောပါနဲ့တော့ဗျာ၊ ဟောလီဝုဒ် ရုပ်ရှင်ဓာတ်လိုက် မင်းသမီး

mgyoe.com

mgyoe.com


ဒေါ်ရော်သီလားမိုးနဲ့ ကျွန်တော်နဲ့ပေါ့ဗျာ၊ တောကြီး တောင်ကြီးတစ်ခုထဲမှာ ဇိမ်နဲ့ ပျော်ကောင်းနေကြတုန်း ဖြုန်းဆို ခင်ဗျားက ခေါ်လိုက်တာနဲ့ လန့်နိုးရတာ၊ သိပ်နှောင့်ယှက်တဲ့လူဗျာ၊ ခင်ဗျား အလျှော်ပေးရမယ်…၊ အခုလို အနောက်နိုင်ငံမှာ စစ်ကြီးဖြစ်နေတုန်း ဒီလို နိုင်ငံခြားနဲ့ ဆက်သွယ်ပြီး အိပ်မက်,မက်ဖို့ အင်မတန် ခဲယဉ်းတာဗျ၊ ကျွန်တော်မှ ကံကောင်းလွန်းလို့…”

ဟုဆိုရင်း ဧည့်ခန်းသို့ထွက်လာခဲ့ရာ စားပွဲဝိုင်းကလေးတွင် ကိုတောက်ထွန်းနှင့် မျက်နှာချင်းဆိုင် ထိုင်နေသော အသက်အစိတ်ခန့် လူတုပ်တုပ်ဖြူဖြူ၏ မျက်နှာကို မြင်လျှင်မြင်ချင်း ကျွန်တော် နောက်ပြောင်ပြောလာခဲ့သော စကားစမှာ မီးကို ရေနှင့်ဖျန်းလိုက်သကဲ့သို့ ရုတ်တရက် ပြတ်သွားရလေ၏။

အကြောင်းမူကား ထိုသူမှာ အလွန်တရာ စိတ်ဆိုးခက်ထန်နေ၍ သူ၏ အမျက်ဒေါသတို့ကို ရုတ်တရက် ပေါက်မကွဲထွက်ရန် အတင်းအကြပ် ချုပ်တည်းနေရဟန်တူပေ၏။ မျက်နှာ တစ်ခုလုံး သွေးရောင်လျှမ်းနေလျက် နဖူးပြင်တွင် အတွန့်အလိပ်များ ဖြစ်ပေါ်နေအောင် ဆွဲငင် ရှုံ့တွထားသော မျက်ခုံးနှစ်ခု၏ အောက်၌ နီရဲနေသောမျက်လုံးအိမ်တို့မှာ တစ်ခုခုကို နက်နက်နဲနဲ တွေးတောနေသော ဟန်ဖြင့် စားပွဲအောက်သို့ စူးစူးစိုက်စိုက်ကြီး ငုံ့ကြည့်နေ၏။ အံသွားများကို တင်းကြပ်စွာ ခဲထားသဖြင့် မေးရိုးနှစ်ဖက်မှာ နံဘေးသို့ အသားလုံးကလေးများ ပုရောင် ကားထွက်နေလျက်၊ ပါးလွှာ ချွန်ထွက်နေသော နှုတ်ခမ်းတို့သည် တစ်ခုနှင့်တစ်ခု ထိလိုက်ခွာလိုက် တဆတ်ဆတ်ဖြစ်နေ၏။ စင်စစ် ထိုသူ၏မျက်နှာကို မြင်ရသော သူသည် စနက်တံ မီးတောက်လောင်နေသော ပေါက်ကွဲလုနီး ယမ်းအိုးကြီးကို သွား၍ သတိရမည်ဖြစ်ချေ၏။

ကျွန်တော်သည် ထိုသူ၏မျက်နှာကို ငေးစိုက်ကြည့်ရှုရင်း သူတို့ဆီသို့ လျှောက်သွားခဲ့ရာ စားပွဲကလေး၏နံဘေး၌ မတ်တတ်ရပ်မိလျှင်ပင် ကိုတောက်ထွန်းက ကျွန်တော်၏ မျက်နှာကို မော့ကြည့်ပြီး…

“ခုမနက်ပိုင်း ကျုပ်နဲ့အတူ ဟောဒီ ကိုဘခိုင်တို့အိမ်ကို လိုက်ခဲ့စေချင်တယ်၊ ခင်ဗျားလည်း လိုက်ချင်နေမှာပါပဲ”

ကျွန်တော်မှာ ကိုဘခိုင်ဆိုသူ၏ မျက်နှာကို မြင်ကတည်းကပင် ဤမျှ စိတ်ဆိုး ခက်ထန်နေရအောင် ဘယ်လိုကိစ္စများ ဖြစ်ပေါ်နေလို့ပါလိမ့်ဟု တွေးတော သိချင်နေသည်ကို ကိုတောက်ထွန်းသည် ကျွန်တော်၏မျက်နှာတွင် ခေတ္တမျှ ကြည့်ရှုလိုက်ခြင်းအားဖြင့် သိရှိနေပြီဖြစ်၍ ကျွန်တော်လည်း ဟန်ဆောင်ခြင်း

mgyoe.com

mgyoe.com


မပြုတော့ဘဲ "ဟုတ်ကဲ့ လိုက်ခဲ့ပါ့မယ်"ဟု ပြန်ပြောမိရာ ကျွန်တော်၏စကား မဆုံးမီပင် ကိုဘခိုင်ဆိုသူမှာ သည်းမခံနိုင်သော အသံနက်ကြီးဖြင့်–

"တယ်… အချိန်ဖြုန်းတဲ့လူဗျာ… ကိုတောက်ထွန်းနှယ် သွားကြပါစို့"

ကိုတောက်ထွန်းက နဂိုအသံဖြင့်–

"ကိုဘခိုင်ရဲ့ ဒီကိစ္စမျိုးက ဖြစ်ပြီးနေမှဟာ အလျင်စလို လုပ်ပေမယ့် လုပ်တိုင်း ခရီးရောက်တာမျိုး မဟုတ်ဘူးဗျ၊ အေးအေးဆေးဆေး တွေးတွေး တောတောနဲ့ အကျိုးအကြောင်းဆက်သွယ်ပြီး စုံစမ်းရတာမျိုးဗျ၊ ကဲ…ကိုစောလွင် ကလဲ့ မြန်မြန်ပြင်ဆင်ခဲ့ဗျာ"

ဟု ကျွန်တော့်ကိုပြောပြီး တစ်ဖန် ကိုဘခိုင်ဘက်သို့ လှည့်၍

"ကိုဘခိုင်ရဲ့… စိတ်ကို ကောင်းကောင်းချုပ်တည်းစမ်းပါ၊ လူဆိုတာ တရားနဲ့ဖြေရတယ်ဗျ"

ကိုဘခိုင်မှာ လေယူလေသိမ်းမမှန် ဒေါသခက်ထန်သောအသံကြီးဖြင့်…

"ကိုတောက်ထွန်းရာ… စိတ်ကိုချုပ်ပြီလားဗျ၊ မချုပ်ရင် ဒီလိုများနေမယ် မှတ်သလား၊ ဓားတစ်ဖက် သေနတ်တစ်ဖက် ကိုင်ပြီးတော့ မြင်ရာလူတွေ လိုက်သတ်နေမယ်ဗျ၊ ခင်ဗျား သိရဲ့လား၊ ကိုတောက်ထွန်းနှယ် ခင်ဗျား ကျွန်တော့် စိတ်ကို အသိသားနဲ့၊ အခု ကျွန်တော့်စိတ်ထဲမှာ ဝမ်းနည်း ပူပင်နေတယ်များ မှတ်သလား၊ ဟား…နည်းနည်းမှမရှိဘူးဗျ၊ ကျွန်တော့်ဖေဖေကို ဒီလိုရက်ရက် စက်စက် သတ်သွားတဲ့လူကို ဒီထက်ဆယ်ဆလောက် ရက်ရက်စက်စက် ပြန်သတ် ချင်တာပါပဲ၊ တောက်… ပေါင်းတည်နယ်သားများဗျာ၊ ဒီအရပ်မျိုး လူသတ်ခံရ တယ်လို့၊ ရာဇဝင်ရိုင်းလိုက်လေဗျာ…၊ ခင်ဗျားတာဝန်ကတော့ ဒီသတ်သွားတဲ့ လူကို ကျွန်တော်တစ်ယောက်တည်းသိအောင် စုံထောက်ပေးဖို့ပါပဲ၊ ဒီပြင် ဘာမှ မလိုချင်ဘူး၊ အစိုးရလဲ မသိစေချင်ဘူး…"

ဟု အံကိုကြိတ်၊ လက်သီးကို တင်းကျပ်စွာဆုပ်၍ ပြောနေသည်ကို နားထောင်ရင်း ကျွန်တော်သည် နောက်ဖေးဆောင်သို့ ဝင်ခဲ့လေ၏။

ကိုဘခိုင်ကို ကျွန်တော်သည် ရှေးယခင်က မြင်ဖူးသလိုလိုသာ ရှိ၍ အကျွမ်းတဝင် ခေါ်ခေါ်ပြောပြော မလုပ်ခဲ့ဘူးချေ။ ကိုတောက်ထွန်း နောက်မှ ပြော၍ သိရသည်ကား စွန့်စားတိုက်ခိုက်မှုကို ပေါင်းတည်သားပီပီ ဝါသနာပါသူ ဖြစ်၍ တစ်ခါတစ်ရံ ခက်ခဲတင်းမာနေသော တရားခံတို့ကို လက်ရဖမ်းဆီးရသော အခါတို့၌ ပုလိပ် ဆယ်ယောက်မျှမက အားကိုးရသော ဟူ၏။

mgyoe.com

mgyoe.com


ကိုတောက်ထွန်းမှူကား ခေတ်ပညာကို အတော်အတန် သင်ကြားခဲ့ပြီးနောက် မည်သည့် လခစားအလုပ်ကိုမျှ မလုပ်ကိုင်ဘဲ သူ ဝါသနာပါ၍ လေ့ကျင့်ခဲ့သော စုံထောက်အလုပ်ကို ဦးစံရှားကြီးကဲ့သို့ ပရိုက်ဗိတ် လုပ်ကိုင်နေသူ ဖြစ်ပေ၏။ လူရည်လူချွန်း အတော်ပင်ချွန်ထက်၍ အချို့အစိုးရစုံထောက်များ လက်လျှော့ရသော ရာဇဝတ်မှုကြီးများကိုပင် ပေါ်ပေါက်အောင် စုံထောက်ပေး နိုင်သဖြင့် အစိုးရအဖွဲ့ကပင် အသိအမှတ်ပြုထားကာ စုံထောက်မောင်တောက်ထွန်းဟု အတော်ပင် နာမည်ရနေပေ၏။

ကျွန်တော်မှာ ကိုတောက်ထွန်းနှင့် ယူနီဘာစီတီတွင် တစ်နှစ်မျှအတူ နေခဲ့ဖူး၍ သူ၏ဆိတ်ငြိမ်စွာ စဉ်းစားခန်းဝင်ရသော စုံထောက်အလုပ်နှင့် ကျွန်တော်၏ အနှောင့်အယှက်ကင်းမဲ့စွာ စာရေးရသောအလုပ်တို့မှာ တိုက်ဆိုင် သင့်လျော်နေသဖြင့် စမ်းချောင်းကွက်သစ်ရှိ အတော်အတန် သပ်ရပ်သော အိမ်ကလေးတစ်လုံးတွင် တစ်လလျှင် အစိတ်ပေးကာ နှစ်ယောက် သဘောတူ ထမင်းချက်သမားမောင်တင်အေးခေါ် သူငယ်ကလေးတစ်ယောက်နှင့် သုံးယောက်တည်း နေထိုင်ကြခြင်းဖြစ်ပေ၏။

ကိုတောက်ထွန်း၏ အင်္ဂါရုပ်မှာ အသားလတ်လတ်၊ အရပ်မြင့်မြင့်၊ ရင်အုပ်ကားကား၊ နှာတံသွယ်သွယ်၊ မျက်တွင်း နက်နက်၊ ပါးရိုးမြင့်မြင့် ဖြစ်၍၊ စူးစိုက်တောက်ပသော မျက်လုံးများနှင့် ပိရိသေသပ်စွာ စိ၍ထားတတ်သော နှုတ်ခမ်းတို့ဖြင့် ခန့်ငြားသောဣန္ဒြေကို ဆောင်ပေ၏။

စင်စစ် သူ၏ရုပကာယမှာ လှပချောမောသူ တစ်ယောက် ဟူသောစကားနှင့် ဆန့်ကျင်ဘက်ဖြစ်သော်လည်း သူ၏အင်္ဂါရုပ်ကို မြင်ရသောသူ၏ စိတ်ထဲတွင် ကြောက်ရွံ့စိတ်၊ အားကိုးချင်စိတ်၊ ရိုသေဆည်းကပ်ချင်သောစိတ်များ တဖွားဖွားပေါ်ပေါက်လာအောင် စွမ်းဆောင်နိုင်ပေ၏။

နဂိုသဘာဝအားဖြင့် စကားနည်းသူဖြစ်၍ အပြင်ထွက်သွားလာရန် ကိစ္စမရှိခဲ့လျှင် အစဉ်သဖြင့် ပက်လက်ကုလားထိုင်ပေါ်တွင် လူသေကဲ့သို့ မျက်လုံးများမှေးမှိန်ကာ တွေးတော ဆိတ်ငြိမ်နေတတ်သဖြင့် တစ်ခါတစ်ရံ အသက်မှ ရှိပါသေးရဲ့လားဟု ကျွန်တော်၏ တွေးထင်ချက်တို့မှာ သူ၏ ဆေးတံမှထွက်လာသော မီးခိုးငွေ့များကြောင့်သာ ပျောက်ကွယ်သွားရပေ၏။

သူနှင့်ကျွန်တော်မှာ တစ်အိမ်တည်း အတူနေကြသော်လည်း အတူသွားအတူလာနည်းပါးလျက် အမှုအခင်းကိစ္စ အထူးအထွေရှိမှသာ ကျွန်တော့်ကို အတို

mgyoe.com

mgyoe.com


အထွာခိုင်းစေရန် ခေါ်ငင်သွားတတ်၍ အချို့အမှုငယ်ကလေးများမှာ ကျွန်တော် မသိသည်သာ များပေ၏။ ယခုကိစ္စတွင်ကား ကျွန်တော် အားလပ်နေသည်ကို သိ၍လည်းကောင်း၊ အမှုဖြစ်ပုံ ဆန်းပြားမည်ထင်၍လည်းကောင်း ကျွန်တော့်အား အဖော်ခေါ်ဆောင်ခြင်းဖြစ်ပေ၏။

* * *

ကျွန်တော်သည် အမြန်ဆုံးနည်းအားဖြင့် အဝတ်အစားများ လဲလှယ်ခဲ့ပြီး နောက် ဧည့်ခန်းသို့ပြန်ထွက်ခဲ့ပေ၏။ စားပွဲနံဘေးသို့ ရောက်လျှင်ရောက်ချင်း ကိုတောက်ထွန်းသည် အဆင်သင့်ထည့်ပြီးသား ကော်ဖီတစ်ခွက်ကို ထိုးပေးရင်း ''သောက်လိုက်ဦးဗျို့''ဟု ဆိုခါ သူကိုယ်တိုင် နေရာမှထ၍ အနီးရှိ အင်္ကျီချိတ် တွင်အသင့်ထားသော အပေါ်အင်္ကျီကို ဝတ်ဆင်ပြီးနောက် ကိုဘခိုင်သို့ လှမ်း၍ ''ကိုင်း...သွားကြစို့''ဟု ဆိုလျက် ဖိနပ်ခုံဆီသို့ လျှောက်သွားလေ၏။ ကိုဘခိုင် ကား ပြောလျှင်ပြောချင်း အိမ်ရှေ့တွင်ရပ်ထားသော သူ၏ ကားကြီးဆီသို့သွား လေ၏။

ကျွန်တော်လည်း ကြက်သီးနွေးမျှပူသော ကော်ဖီကို လျင်မြန်စွာမျိုချပြီး စီးကရက်တစ်လိပ်ကို မီးညှိရင်း ဖိနပ်စီးခဲ့၍ ကိုဘခိုင်နှင့် ရှေ့ဆင့်နောက်ဆင့် ဆင်းသွားသော ကိုတောက်ထွန်း၏နောက်မှ လိုက်ခဲ့လေ၏။

ဘိုကေဖွားဖွား၊ မျက်ခုံးမွေးထူထူ၊ အသားညိုညစ်ညစ်၊ နှာတံပေါ်ပေါ်၊ အထူးသဖြင့် လက်ပြင်ကုန်းသော ဒရိုင်ဘာမှာ ကား၏တံခါးကို ဖွင့်နေနှင့်၍ ကျွန်တော်တို့သုံးယောက် အစဉ်အလိုက်ထိုင်မိလျှင်ထိုင်မိချင်း တံခါးကို ဂျောင်း ခနဲ မြည်အောင်ပိတ်ခါ သူ၏နေရာသို့ ဝင်ထိုင်ပြီး စက်နှိုးစပြုလေ၏။

''ဟော့... မြန်မြန်မောင်း''ဟူသော ကိုဘခိုင်၏ အမိန့်ပေးသံနှင့် မရှေး မနှောင်းပင် ကားမှာ ရုတ်တရက်ခုန်ထွက်လေ၏။ ကျွန်တော့်မှာ ကားများအကွေ့ အရှောင် အပြတ်အတက် များပြားလှသော လမ်းမကြီးတွင် ဤမျှ လျင်မြန်စွာ မောင်းရဲလှသော ဒရိုင်ဘာကို ချီးမွမ်းရင်း လိုက်ပါလာခဲ့၍ ကိုဘခိုင်မှ သူ၏ တင်းမာခက်ထန်လှသော မျက်နှာထားကို မပြောင်းလဲနိုင်ဘဲ တစ်ခုခုကို နက်နက် နဲနဲ တွေးတော ငေးမောနေပေ၏။

ကိုတောက်ထွန်းမှာကား နောက်မှီကို အေးဆေးစွာမှီရင်း ဆေးတံကို

mgyoe.com

mgyoe.com


မှန်မှန်ကြီးဖွာထုတ်နေ၍ တွေးတောဆင်ခြင်သော အမူအရာဖြင့် မကြာမီ ကိုဘခိုင်အား စတင်၍မေးခွန်းများ ထုတ်လေ၏။

"ခင်ဖျား ညက နိုက်ဂျူတီသွားတာ ကိုးနာရီနော်"

"ဟုတ်ပါတယ် မနက်ငါးနာရီလောက်မှ ပြန်ရောက်ပြီး အိပ်ရာဝင်အိပ်နေပါတယ်၊ ခြောက်နာရီလောက်မှာ ဦးကြီးဘိုးသင်း နှိုးပြလို့ သိရတယ်၊ တောက်… အသေဆိုးလိုက်လေဗျာ"

"ညက ခင်ဖျားတို့အိမ်မှာရှိနေတာ ဘယ်သူတွေလဲ"

"မေမေနဲ့ ညီမအငယ် ခင်တင့်က ပဲခူးသွားနေလို့ ညီမအကြီး ခင်မြင့်ရယ်၊ ဦးကြီးဘိုးသင်း၊ ထမင်းချက်တဲ့အဒေါ်ကြီး၊ နို့ပြီး… ယောဒီ ဒရိုင်ဘာမြဟန်ဒါပဲ ရှိပါတယ်၊ မြဟန်ကတော့ ကားရုံထဲမှာ အိပ်တယ်၊ ကျန်လူတွေကတော့ အားလုံး အိမ်ပေါ်မှာအိပ်ကြတာချည်းပဲ"

"မင်းတုပ် ပွင့်နေတာက နောက်ဖေးဆောင် ထွက်တဲ့ တံခါးတစ်ခုတည်းရယ်နော်၊ ညကများ ပိတ်မိကြပါလေစ"

"ပိတ်မိပါတယ် ကျွန်တော်ကိုယ်တိုင် ပိတ်ခဲ့တာပဲ၊ နောက်ဘယ်သူမှ ဖွင့်တယ်မပြောပါဘူး၊ အဲဒီတံခါးသာ ပွင့်နေတယ်၊ နောက်ဖေးဆောင်တက်တဲ့ လှေကားတံခါးဖုံးကတော့ အသေအချာပိတ်ရက်သားပဲ၊ အိမ်ရှေ့ဘက်ကတက်တဲ့ လှေကားဝတံခါးနဲ့ ဧည့်ခန်းဆောင်ဝင်တဲ့ သံတံခါးကလဲ ပိတ်ရက်သားပဲ၊ ကျွန်တော် ပြန်လာမှသာ ဦးကြီးဘိုးသင်း ထဖွင့်ပေးတာ။ နို့ပြီး သူချက်ချင်းပြန်ပိတ်တာပဲ၊ အခုမိုးလင်းမှ တွေ့ရတာတော့ အခုနပြောတဲ့ နောက်ဖေးဆောင်တံခါး မင်းတုံးပြုတ်နေတာနဲ့ ဖေဖေ့ အိပ်ခန်းတံခါးကို အထက်မင်းတုံးနေရာနံဘေးက လက်ဝင်သာအောင် အပေါက်ဖောက်ပြီး ဖွင့်တာကလွဲလို့ အားလုံးပြတင်းပေါက်တွေရော၊ တံခါးတွေရော နေသားတကျ ပိတ်ရက်ရှိတာချည်းပဲ"

"ဒီလိုဆို အိမ်အောက်ကနေပြီး တက်နိုင်တဲ့နည်းလမ်း တစ်ခုမှ မရှိဘူးပေါ့"

"ဟုတ်တယ်… ရှိဖို့ခဲယဉ်းနေပါတယ်"

'ခင်ဖျားဦးကြီး သုံးနာရီလောက်က ကြားလိုက်တဲ့အသံက ဘယ်လိုအသံ'

"လေးလေးလံလံ အထုပ်တစ်ခုကျသံလိုလို၊ တံခါးမင်းတုံး ချသံလိုလိုတဲ့ဗျ"

ကိုတောက်ထွန်းသည် ခေတ္တမျှ တွေးတော ဆင်ခြင်ဟန်ပြုလိုက်ပြီး…

mgyoe.com

mgyoe.com


"ဒါဟာ တစ်ခုတည်း မဖြစ်နိုင်ဘူး…၊ တစ်ခုစီ ဖြစ်ရမယ်၊ အင်း… နေပါဦး… သူ ထမေးလိုက်တော့ ခင်ဗျားညီမ နိုးနေသတဲ့နော်"

"ဟုတ်ပါတယ် ဘာသံလဲလို့ မေးလိုက်တော့… သူ ပြတင်းပေါက် ဖွင့်ပြီး ခွန်နှစ်စဉ်ကြယ်ကြည့်တာလို့ ပြောသတဲ့…"

"သူ့အိပ်ခန်းက မြောက်ဘက်မှာမို့လား၊ သူတစ်ယောက်တည်း အိပ်သလား"

"ဟုတ်တယ်ဗျ၊ သူ ခါတိုင်းတော့ ခင်တင့်နဲ့အတူ အိပ်တာပဲ၊ ခုတော့ တစ်ယောက်တည်းပဲ"

"ဦးဘိုးသင်းက ထမေးရင်းနဲ့ ခင်ဗျားအဖေ့ အခန်းဆီကို မကြည့်ဘူးတဲ့လား"

"သူ ဖယောင်းတိုင်မီးကလေးနဲ့ လှမ်းကြည့်လိုက်တော့ တံခါးစေ့ရက်သား မြင်သတဲ့၊ တံခါးကို ဖောက်ထားတာတော့ မြင်ဟန်မတူပါဘူး၊ အခုမနက်မှပဲ သူက စ,မြင်ပြီး လန့်အော်ထွက်လာတာပဲ"

"ခင်ဗျာ့ဦးကြီးအသက် ဘယ်လောက်ရှိပြီလဲ"

"ငါးဆယ်ကျော်ပေါ့"

"ခင်ဗျားတို့အိမ်လာနေတာ ဘယ်လောက်ကြာပြီလဲ၊ ဘယ်သူ့ဘက်က ဘယ်လိုတော်တာလဲ…"

"ငါးနှစ်လောက်ရှိပြီ၊ ဖေဖေ့အစ်ကိုဝမ်းကွဲပဲ"

"အိမ်ထောင် မရှိခဲ့ဘူးလား၊ ဘာများလုပ်စားခဲ့ဖူးသလဲ"

"အသက်အစိတ်လောက်က သူ့မိန်းမဖောက်ပြန်သွားတာနဲ့၊ သူ မိန်းမတွေအပေါ် အသည်းနာပြီး နောက်အိမ်ထောင်လည်း မပြုတော့ဘူး၊ ဘာမှလဲ မယ်မယ်ရရမလုပ်တော့ဘူး၊ ဆွေတွေမျိုးတွေအိမ်မှာ တစ်လှည့်စီနေထိုင်သွားတာပဲ၊ နောက် သူ့မိန်းမဟာ သူများလက်ချက်နဲ့ အသတ်ခံရတယ်၊ အဲဒီအမှုလဲ မပေါ်ဘူး"

ကိုတောက်ထွန်းသည် ခေတ္တမျှ စဉ်းစားနေ၏။ နောက်တစ်ဖန် ဆက်၍ မေးပြန်၏။

"သတ်ပုံက ရင်တစ်ခုလုံး ခွဲထားတာနော်"

"ဟုတ်တယ်၊ ဟောဒီလည်ပင်းအောက်ကနေပြီး ရင်ဘတ်အထိခွဲတာပဲ၊ ကြိုးတွေနဲ့ ကျကျနနတုပ်နှောင်ပြီး သဘောရှိလုပ်သွားတာပဲဗျာ…။ ပါးစပ်လည်း

mgyoe.com

mgyoe.com


မအော်နိုင်အောင် အဝတ်နဲ့ဆို့ပြီး အပေါ်က အုပ်စည်းထားတယ်၊ နှာခေါင်းပေါက်တော့ စည်းမထားဘူးဗျာ"

"ကိုတောက်ထွန်းက ထောက်၍…

"ဩော်.. နှာခေါင်းပေါက်တော့ ဖွင့်ထားသလား"

"ဟုတ်တယ်… အသက်ရှူနိုင်လောက်အောင် ဖွင့်ထားတာပဲ"

ကိုတောက်ထွန်းသည် စဉ်းစားတွေတောနေရာမှ တစ်ခုခုကို သဘောပေါက်ဟန်ဖြင့်–

"ခုလောက်ရှိ ဂါတ်ကလူတွေရောက်လို့ လက်ရာခြေရာတွေများ ပျက်ကုန်ရော့လားမသိ" ဟုစိုးရိမ်သံဖြင့် မေး၏။

"မပျက်ရပါဘူးဗျာ… သေသေချာချာ မှာခဲ့ပါတယ်၊ ကျွန်တော်လည်း ခင်ဗျားတစ်ယောက်ကိုသာ အားကိုးပါတယ်၊ ဂါတ်ကလူတွေ စုံထောက်လို့ မပေါ်စေချင်ဘူး။ အခု ဂါတ်ကို အကြောင်းကြားခိုင်းရတာတောင် မလုပ်မဖြစ်လို့သာ၊ ကျွန်တော့် သဘောကတော့ တရားခံကို ခင်ဗျား တစ်ယောက်တည်း ဖော်နိုင်ပြီး၊ ကျွန်တော်တစ်ယောက်တည်းကို ပြောဖို့သာပဲ၊ အစိုးရက အပြစ်ပေးတာကို မလိုချင်ဘူး၊ ကျွန်တော်ကိုယ်တိုင် ကျကျနန စိတ်ရှိလက်ရှိ ကျွန်တော့်အဖေကို သူသတ်သွားသလို ကလဲ့စားချေချင်တာပါပဲဗျာ၊ ကြိုးစားစမ်းပါ၊ မီးကုန်ယမ်းကုန် ကြိုးစားစမ်းပါဗျာ"

ဟု အံသွားကို ကျစ်ကျစ်မြည်အောင် ကြိတ်ရင်း ပြောလိုက်ပုံမှာ နံဘေး၌ ထိုင်နားထောင်နေသော ကျွန်တော်ပင်လျှင် မဆီမဆိုင် မခံချည့်မခံသာ ဖြစ်လာပါတော့၏။

ကိုတောက်ထွန်းမှုကား အေးဆေးသော အမူအရာနှင့်ပင်–

"စိတ်ချပါဗျာ၊ အင်း… ဒါထက် ရင်ခွဲတာ တစ်ခုပဲလား၊ ဒီပြင် ဒဏ်ရာတွေ မတွေ့ဘူးလား"

"ဩော်… ဘယ်ဘက်လက်မောင်းမှာ မဆိုစလောက် ဓားထိုးရာကလေး တစ်ချက်ရှိသေးတယ်"

"သတ်တဲ့လူက စာရေးသွားသေးတယ်နော် အင်း…."

"ဟုတ်ပါတယ် နံရံမှာ မြေဖြူနဲ့ရေးသွားတာ "Want Nothing But Revenge" တဲ့။ ဘာမျှမလိုချင်ဘူး၊ ကလဲ့စားချေတာတဲ့ဗျာ၊ တောက်… တကယ်တမ်းသာ ကလဲ့စားချေရိုးမှန်ရင်ဗျာ… သူ့ ဆွေခုနစ်ဆက်၊ မျိုးခုနစ်ဆက်…"

mgyoe.com

ကိုတောက်ထွန်းက ကြားဖြတ်၍…

"နေပါဦး… ဘာမှတော့ အပျောက်အရှ မရှိဘူးလား"

"အဲဒါတော့ သေသေချာချာ မကြည့်ခဲ့ရသေးဘူး၊ အာမခံသေတ္တာတော့ နေသားတကျ ပိတ်ရက်သားပဲ၊ သော့နဲ့ ဖေဖေ့ခြောက်လုံးပြူးလည်း ခေါင်းအုံး နားမှာ ရှိနေတာပဲ"

ခေတ္တမျှ စကားပြတ်နေကြ၏။

မကြာမီ ကိုတောက်ထွန်းက ဆက်လက်၍ "Want Nothing" (ဘာမျှ မလိုချင်ဘူး)က၊ စရေးတယ်နော်"

"ဟုတ်တယ်ဗျ…" ခေတ္တမျှ စကားပြတ်နေပြန်၏။

တစ်ဖန် ကိုဘခိုင်က စ၊တင်၍ တင်းကျပ်သော အသံကြီးဖြင့် တောက် တစ်ချက် ပြင်းစွာခေါက်လိုက်ပြီးလျှင်–

"အခုနေများဗျာ… ဖေဖေ့သတ်သွားတဲ့ သူက ဓား၊ဓားချင်း၊ သေနတ်၊ သေနတ်ချင်းများ ရင်ဆိုင်သတ်ဖို့ ကျွန်တော့်ကိုခေါ်ရင် ဘယ်လောက်များ ဝမ်းသာ လိုက်မလဲလို့ဗျာ… လူဖြစ်ကျိုးနပ်ပြီလို့ အောက်မေ့ပါတယ်။ သူ့ကိုလည်း သိပ်ကျေးဇူးတင်မှာပဲ၊ ကျွန်တော်သေတောင် သူ့ကို အမှုမဖြစ်အောင် စီမံခဲ့ပါ ဦးမယ်၊ တကယ်ပါဗျာ… ကျမ်းသစ္စာ ဆိုရဲပါတယ်၊ ကျွန်တော့်မျိုးရိုးဂုဏ်နဲ့၊ ပေါင်းတည်နယ်သားဂုဏ် မဖျက်ပါဘူး၊ ဓား၊ဓားချင်း ယှဉ်ကစားရရင်ဗျာ… သူ့ကို နှစ်ယောက်ပေး ကစားပါတယ်… ယုံပါ…"

ကျွန်တော့်မှာ သူ၏ဖခင်အတွက် ကလဲ့စားချေရန် မည်မျှ စိတ်သန်နေ သည်ကို တွေးတော ငေးမောနေမိပါ၏။ အထူးဖြင့် "ပေါင်းတည်နယ်သား ဂုဏ်ကို မဖျက်ပါဘူး"ဟု ဆိုသည်ကို ဂရုပြုမိပါ၏။

အင်္ဂလန်ပြည်၌ စကော့တလန်နယ်၊ ပြင်သစ်ပြည်၌ ဂါစတွန်နယ်ဟု ကျော်ကြားသကဲ့သို့ မြန်မာပြည်၌လည်း သာယာဝတီပေါင်းတည်ဟု ထိုအရပ်သားတို့ ကြွားဝါဂုဏ်ယူနိုင်ကြသည်ကို တွေးတောမိပါ၏။

ကိုတောက်ထွန်းမှာ စဉ်းစားနေရာမှ ထောက်၍ "မြန်မာပြည်မှာ အခုအချိန်၊ ဒီလိုတစ်ယောက်ချင်း ချိန်းသတ်တာက အလေ့အထ မရှိကြတော့ပါဘူး"

"ဟာ… ကျွန်တော်သာဆိုရင်ဗျာ… ကိုယ်သတ်ချင်တဲ့လူ သိနေရင် မရ၊မက ချိန်းပါတယ်ဗျာ၊ ချိန်းမရမှသာ ခပ်ပြောင်ပြောင်တွေ့ပြီး စိတ်ရှိလက်ရှိ …၊ လူများလိုတော့ လူသတ်တာ ခိုးကြောင်ခိုးဝှက်နဲ့ သတ်မနေပါဘူးဗျ၊ ကိုယ်သဘောကျတဲ့လူသာ သတ်ရရင်ဗျာ… တစ်ဘဝမဟုတ်ဘူး… ဆယ်ဘဝ

mgyoe.com

mgyoe.com

အသေခံရပါတယ်၊ အခုတော့… ဖေဖေ့ကို ည…အချိန်မတော် အိပ်မောကျနေတုန်း ယောကျ်ားမပီသတဲ့နည်း၊ မတရားတဲ့နည်းနဲ့… သတ်သွားတာဗျ၊ ကျွန်တော်ကတော့”ဟု အံကိုတင်းကျပ်စွာကြိတ်ရင်း…

“တရားတဲ့နည်း၊ ယောကျ်ားပီသတဲ့နည်းနဲ့ ကလဲ့စား ချေရလိမ့်မယ်ဗျ၊ ကိုတောက်ထွန်းရယ်… ဒီကိစ္စကလေးတော့ ကျွန်တော်သဘောရှိသလို ဖြစ်ရအောင် ကူညီပေးစမ်းဗျာ… ခင်ဗျားကျေးဇူးကို ဆယ်ဘဝမမေ့ပါဘူး”

ဟု ကိုဘခိုင်မှာ ပြောရင်းငိုသံပါလာ၏။ ကိုတောက်ထွန်းက ထောက်၍

“စိတ်ချပါဗျာ… ကျွန်တော် အစွမ်းရှိသလောက် ကူညီပေးပါ့မယ်”

တစ်ဖန် ဆိတ်ငြိမ်သွားပြန်၏။ ကားသည် အပြင်းမောင်းလျက် ရှိ၏။ အတော်ကြာမှ ကိုတောက်ထွန်းက စတင်၍-

“ခင်ဗျားတို့ အိမ်အောက်ထပ်မှာ တခြားလူတွေ နေသေးတယ်မဟုတ်လား၊ ဘယ်ကလဲ… အငှားထားတာလား”

“အငှားထားတာမဟုတ်ပါဘူး… တွံတေးက အဒေါ်ကြီးတစ်ယောက်နဲ့ သမီးပျိုကလေးတစ်ယောက်၊ တူကလေးတစ်ယောက် သုံးယောက်နေတာပါ။ ဖေဖေ ဟိုတုန်းက အထက်နဲ့အောက် ကုန်ကူးတုန်းက မိတ်ဆွေပေါ့။ ခုတော့ အဒေါ်ကြီးက အိမ်ထောင်ပျက်ပြီး တွံတေး မနေချင်ဘူးဆိုတာနဲ့ ဖေဖေက ခေါ်ပြီး အလကားတင်ထားတာပါ”

“ခု သူတို့က ဘာလုပ်ကြသလဲ”

“အဒေါ်ကြီးက ပိုက်ဆံရှိတယ်ဗျ…၊ ဘာမှမလုပ်ဘူး…၊ သမီးပျို မဖွားမြင့်ဆိုတာသာ မက်သဒစ် မိန်းကလေးကျောင်းမှာ ဆရာမ လုပ်တယ်၊ တူ မောင်လေးမောင် ဆိုတာကတော့ မြန်မာ့ကျက်သရေဆောင် သတ္တုလုပ်တိုက်မှာ လုပ်တယ်…”

ကိုတောက်ထွန်းသည် ဆေးတံကိုခဲ၍ နက်နက်နဲနဲ စဉ်းစားနေ၏။ ကျွန်တော့်မှာ သူတို့ မေးကြ၊ ဖြေကြသည်ကို နားထောင်ရင်း စီးကရက်နှစ်လိပ်မျှ ကုန်ခဲ့ချေပြီ။ မကြာမီ ကျွန်တော်တို့ မော်တော်ကားသည် ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာသော သူများသာ သီးသီးသန့်သန့်နေနိုင်သော လမ်းမကြီး၏ နံဘေး ခြံဝန်းကျယ်ကြီးတစ်ခုအတွင်းသို့ ထိုးဝင်လိုက်ပြီးနောက် အတော်ပင် ခမ်းနားသော တိုက်ခံ ဆင်ဝင်တစ်ထပ်ထိုး။ အုတ်ကြွပ်မိုး၊ အုံးလေးဖက်ချ အိမ်ကြီးတစ်လုံးရှေ့၌ ဆိုက်ရပ်လိုက်လေ၏။

❁

mgyoe.com

mgyoe.com

## ထူးဆန်းရက်စက်စွာ သတ်ထားသော လူသေ

အနောက်ဘက်သို့ မျက်နှာမူနေသော အိမ်ဖြစ်၍ အပေါ်ထပ်သို့တက်ရန် လှေကားမှာ အိမ်၏မြောက်ဘက်နံဘေး၌ လှေကားမိုး၊ လှေကားဆောင်နှင့် သီးသီးသန့်သန့်ရှိနေ၏။ အိမ်ပေါ်သို့မတက်မီ ကိုတောက်ထွန်းသည် အိမ်၏ပတ်လည်ကို မျှော်ကြည့်လိုက်ခြင်းအားဖြင့် ခြေရင်းဘက် မလှမ်းမကမ်းတွင် ဒရိုင်ဘာ မြပဟန် ဆိုသူအိပ်သော ကားရုံကလေးကို မြင်နိုင်ပေ၏။

အိမ်၏အောက်ထပ် တံခါးဝတွင်ကား ကိုဘခိုင်ပြောသော အဒေါ်ကြီးနှင့် ဆရာမကလေး မဖွားမြင့်၊ မောင်လေးမောင်တို့ ဖြစ်ဟန်တူသူ သုံးဦးတို့မှာ မရွှင်လန်းသော အမူအရာဖြင့် မတ်တတ်ရပ်ကာ ကျွန်တော်တို့ကို ကြည့်ရှုနေကြ၏။

အဒေါ်ကြီးမှာ ၄၀ ကျော် ၅၀ တွင်းဟု ခန့်မှန်းရသော်လည်း လန်းဆတ်ပြည့်ဖြိုးသော အသားအရေနှင့် ခန့်ထည်သော အမူအရာရှိ၍ သမီးပျို မဖွားမြင့်မှာ ရိုးသား တည်ကြည်ပုံရလျက် နုပျိုသောအရွယ်နှင့် လိုက်လျောညီစွာ စိုပြည်တောင့်တင်းလှပခြင်းရှိပေ၏။ မောင်လေးမောင် ဆိုသူမှာ မျက်နှာချင်း မဖွားမြင့်နှင့် ခပ်ဆင်ဆင်တူ၍ အသားလတ်လတ်၊ မျက်ခုံးမို့မို့နှင့် အရပ် မနိမ့်မမြင့်ဖြစ်ပေ၏။

ကျွန်တော်တို့ အိမ်ပေါ်ထပ်သို့ တက်ကြသောအခါ သူတို့သုံးယောက်နှင့် ကိုမြပဟန်ပါ ကိုဘခိုင်၏ မျက်နှာကို ကြင်နာသော မျက်နှာထားနှင့် ကြည့်ရင်းရောနှော လိုက်ပါလာကြ၏။

mgyoe.com

mgyoe.com


လေ့ကားတံခါးမှာ သံတံခါးဖြစ်၍ ညှိခန်းဆောင် ဝင်သောတံခါးမှာ သံတံခါးအပြင် ခိုင်မာထူထဲသော သစ်သားတံခါးပါရှိ၏။

ကျွန်တော်တို့ အိမ်ပေါ်ထပ်သို့ ရောက်ကြသောအခါ လူအချို့မှာ ရုတ်ရုတ်ရက်ရက်ရှိနေကြ၏။ အသားလတ်လတ်၊ နှာတံပေါ်ပေါ်၊ မျက်နှာချွန်းချွန်းနှင့် ဘောင်းဘီရှည် ဝတ်လေ့ရှိသော စုံထောက် အင်စပိတ်တော် ကိုကျော်ဇောမှာ သူ၏ပုလိပ်များနှင့် ရောက်နှင့်ပြီးဖြစ်၍ ကျွန်တော်တို့ကို မြင်လျှင်မြင်ချင်း…

"ဟဲလို… ဦးတောက်ထွန်း ရောက်လာပြီလား၊ တပည့်ကျော် ဦးစောလွင်လည်း ပါသကိုး"

ကျွန်တော်က ပြုံးရင်း–

"ဟုတ်ကဲ့ဗျ… အရေးကောင်းတော့ အပြေးမောင်းလာရတာပေါ့"

ကိုတောက်ထွန်းသည် ကိုကျော်ဇော၏ မျက်နှာကို ခပ်စေ့စေ့ကြည့်ပြီး–

"ခင်ဗျားတော့ သဲလွန်စ ကောင်းကောင်းရနေပြီထင်တယ်"

ကိုကျော်ဇောမှာ ဝမ်းသာမှုကို မချုပ်တည်းနိုင်သောအမူအရာဖြင့်–

"သဲလွန်စ ရရုံတင်ဘယ်ကမလဲဗျာ… တရားခံဖမ်းဖို့ပဲရှိတော့တယ်၊ ဒီတစ်ပွဲမှာတော့ ခင်ဗျားလာတာ အလကားပဲဗျ…."

ကိုဘခိုင်မှာ စကားဆုံးအောင်ပင် နားမထောင်နိုင်ဘဲ–

"ဟင်…ဟုတ်လား ဘယ်သူလဲဗျ ဘယ်သူလဲ၊ ပြောစမ်းပါ မြန်မြန်"

ဟု ကိုကျော်ဇော၏ ရှေ့သို့တိုးခါ အလောတကြီးမေးလေ၏။

ကိုကျော်ဇော "ခင်ဗျား… ဒေါ်သကုမ္မာရကို ပြောလို့မဖြစ်သေးဘူး၊ ကိုတောက်ထွန်းကို အရင်ပြောရဦးမယ်…"

ကိုဘခိုင် (မချုပ်တည်းနိုင်သော အသံကြီးဖြင့်)–

"ဘာ ဘာ… ဘာလို့ ကျုပ် ပြောမဖြစ်ရမှာလဲ ပြောပါဗျ၊ အခု…"

ဆိုရင်း ကိုကျော်ဇော၏လက်ကို လှမ်း၍ဖျစ်လေရာ ကိုတောက်ထွန်းက သူ့လက်ကို ဖမ်းကိုင်ပြီး 'အသာနေပါဦး' ဟူသော အမူအရာကို ပြလိုက်မှသာ တွေဝေ၍ ဆိတ်ငြိမ်သွားတော့၏။

ကိုကျော်ဇော "ခင်ဗျား အဲဒီလို ဒေါ်သကြီးမှန်းသိလို့ကို မပြောတာ… လာဗျ… ကိုတောက်ထွန်း"

ဟုဆိုကာ အခန်းတစ်ခုဆီသို့ခေါ်သွားလေ၏။ ကိုဘခိုင်မှာ ခေါင်းငိုက်စိုက်နှင့်ကျန်ခဲ့၏။ ကျွန်တော်မှာ ကိုတောက်ထွန်း လက်တို့ခေါ်သဖြင့် သူတို့နောက်က လိုက်ပါသွား၏။

mgyoe.com

mgyoe.com


ခန်းဆီးလိုက်ကာဖယ်၍ အခန်းဝ ဝင်မည်ပြုသောအခါ ကိုကျော်ဇောက..

"လာဗျို့... ဒီဘက်ကကွေ့လာ ဟိုဘက်မှာ ခြေရာတွေရောကုန်ဦးမယ်"

ဟုဆိုသဖြင့် ကျွန်တော်သည် သူလက်ပြရာသို့ ကြည့်ရင်း လာရာမှ နှာခေါင်းထဲသို့ သွေးနံ့ညှီစို့စို့ကြီး တိုးဝင်လာသည်ကိုသိရ၏။

"သတ်ထားတာကတော့ အရက်စက် အထူးဆန်းဆုံးပေါ့ဗျာ"ဟူသော ကိုကျော်ဇော၏အသံကို ကြားရ၍ သူတို့မျက်နှာမူရာဘက်သို့ ကြည့်လိုက်ရာ မွေ့ရာခင်းထားသည့် ခုတင်ကြီးပေါ်တွင် ပက်လက်ရင်ကွဲ သွေးနီရဲနေသော အလောင်းကြီးကို မြင်ရလေ၏။

သတ်ထားပုံမှာ အလွန်တရာဆိုးရွားလှသဖြင့် ဤအရာမျိုးကို မတွေ့ဘူး မမြင်ဘူးသူ၊ သို့မဟုတ် ကြောက်တတ်သူတို့သာဖြစ်ခဲ့ပါမူ လန့်အော် ခုန်ပေါက်ထွက်ပြေးမည်မှာ မုချဖြစ်ချေ၏။ ကိုတောက်ထွန်းနှင့်အတူ လိုက်ဖူး ပြုဖူးရှိ၍ အတော်တွေ့ကြုံခဲ့ဖူးသော ကျွန်တော်ပင်လျှင် ဤထူးဆန်းစွာ ရက်ရက်စက်စက် သတ်ထားသော လူသေကို မြင်လျှင်မြင်ခြင်း ရင်ထဲမှ တဒိတ်ဒိတ်တုန်လာပေ၏။ ကျွန်တော်တစ်ယောက်တည်းသာ ဖြစ်ခဲ့ပါမူ ယခုကဲ့သို့ အနီး၌ မတ်တတ်ရပ်၍ ကြည့်နေဝံ့မည်မဟုတ်ပါ။

အသတ်ခံရသူမှာ အသက် (၅၀)ခန့်ရှိ၍ သူ့သား ကိုဘခိုင်ကဲ့သို့ပင် ဖြူဖြူ တုတ်တုတ်နှင့် ကျန်းမာသန်စွမ်းသူဖြစ်ပေ၏။ ခြေနှစ်ဖက် လက်နှစ်ဖက်မှာ သေးငယ် ခိုင်မာသော ပိုက်ဆံကြိုးများဖြင့် လက်ကောက်ဝတ် ခြေကျင်းဝတ်တိုင်းကို တစ်ခုစီ တင်းကျပ်စွာ ချည်နှောင်ထား၍ ခုတင်၏ခြေရင်းခေါင်းရင်း တိုင်လေးတိုင်နှင့် မတွန့်မရုန်းသာအောင် တင်းရင်းလွန်းလှစွာ လေးတန်လေးဖက် ကားကြက်ဘိ သကဲ့သို့ ဆွဲငင်ချည်နှောင်ထား၏။

ကျောပြင်သာလျှင် အိပ်ရာနှင့်ထိနေလျက် ခြေလက် လေးဖက်တို့မှာ မြှောက်ထောင် ဆန့်တန်းနေ၏။ ပက်လက်လန်၍နေသော လက်ဝဲလက်မောင်း၏ အပေါ်ယံရှိ ဓားထိုးရာကလေး တစ်ချက်မှာ သွေးရပ်စဲလျက်ရှိ၏။ သူဝတ်ဆင် ထားသော လုံချည် အညိုအနီကွက်မှာ ပြေကျလျော့ရဲနေသော်လည်း ခါးမှ ပေါင်ရင်း အထိ လုံခြုံလျက်ရှိပေ၏။

ရင်ဘတ်ကို ခွဲ၍ထားသော ဒဏ်ရာမှာ အလွန်တရာထက်မြက်လှသော ဓားဖြင့် ရှေ့ဦးစွာ လည်ပင်းကို ထိုးဖောက်ပြီး ရင်ဝအထိ အရိုးများကို တိရိစ္ဆာ

mgyoe.com

mgyoe.com


ပြတ်အောင် ဝတ်ထားသော စွပ်ကျယ်ကလေးကိုပါ ဆရာဝန် လူသေကိုခွဲသကဲ့သို့ ခွဲထားသဖြင့် ရင်အုံနှစ်ခုမှာ တစ်ဖက်တစ်ချမ်း နံဘေးသို့ ပွင့်ကားလျက်နေ၏။

သွေးထွက်လည်း ရပ်စဲနေပြီဖြစ်၍ ဒဏ်ရာနှင့် နံဘေးပတ်လည် သွေးစတွင် စုအုံနေကြသော ယင်ကောင်တို့ကို မောင်းကြည့်လိုက်လျှင် ဝမ်းတွင်းသားအစုံတို့ကို မြင်နိုင်ပေ၏။

ကျွန်တော့်မှာ သေချာစွာမကြည့်ရဲ၊ ကိုတောက်ထွန်းသာလျှင် ယင်ကောင်တို့ကို မောင်း၍ သေချာစွာ ကြည့်ပေ၏။ သူ ပထမ ယင်ကောင်တို့ကို လက်ဖြင့် မောင်းလိုက်သည်တွင် ''ယောင်း''ကနဲ အသံကြီး မြည်ထွက်လာကာ ထ၍ ပျံကြလျက် ညှိစို့စို့ သွေးနံ့ကြီးမှာ နှာခေါင်းအတွင်းသို့ ပိုမိုပြင်းထန် စူးရှစွာ ဝင်လာလေ၏။

ထ၍ပြန်ကြသော ယင်ကောင်တို့မှာ အပေါ်က မြင်ရသည်ထက် ပိုမိုများပြားလာလျက် မောင်းပြီး တစ်ဖန် ပျားအုံကြီးသဖွယ် ပြန်၍အုံကြပြန်၏။ မည်သည့် အချိန်ကစ၍ စုအုံစားသောက်နေကြသည်မသိ၊ သွေးများပင် ခန်းခြောက်လုနီးခါ အောက်အိပ်ရာခင်းတွင်သာ ကွက်ကွက်ကွင်းကွင်း လတ်ဆတ်နီရဲနေပေ၏။

ကိုတောက်ထွန်းသည် မတွန့်မလိမ်ဘဲ တိရိစ္ဆာ ပြတ်နေသော စွပ်ကျယ်လည်ပင်း နှုတ်ခမ်းကလေးကို ကိုင်ကြည့်ရင်း...

''ဘယ်လောက်ပြတ်တဲ့ဓားလည်း ကြည့်စမ်း၊ ဓားကတော့ ခြောက်လက်နှစ်လုံးလောက်နဲ့ ရှစ်လက်မလောက် ရှည်ရှည် ဦးချွန်တဲ့ဓားပဲ''

ကိုကျော်ဇော၏မျက်နှာကို ကြည့်ရင်း ပြော၏။

''သတ်သွားတာကလည်း ည၊နာရီပြန် တစ်ချက်လောက်မှာ သတ်သွားတာ...''

သေသူ၏ မျက်နှာတွင်မူကား ပါးစပ်ကို ခိုင်မာသော အဝတ်နက်တစ်ခုနှင့် လည်ဂုတ်သို့ သိုင်း၍ ချည်နှောင်ထားလျက် ထိုအဝတ်နက်အောက်မှ ထွေးလုံးနေသော သက္ကလပ်စ ထွက်နေသည်ကို ထောက်သဖြင့် ပါးစပ်ထဲ၌ အဝတ်အပြည့် ဆို့ထားသည်ကို သိနိုင်ပေ၏။ ထိုသက္ကလပ်စမှာ အနီးရှိစားပွဲကလေးမှ စားပွဲခင်း ဖြစ်ဟန်တူပေ၏။

ထူးဆန်းသော အချက်တစ်ခုမှာ ပါးစပ်ကိုသာ လုံခြုံ တင်းကျပ်စွာ စည်းနှောင်ထား၍ နှာခေါင်းပေါက်တို့ကို လွတ်လပ်စွာထားခြင်းဖြစ်ပေ၏။ အထူးသဖြင့် မျက်လုံးကြီးနှစ်ခုမှာ ကျွတ်ထွက်လုခမန်း အထက်သို့ ပြူးလန်ထွက်နေ၍

mgyoe.com

မျက်နှာတစ်ဝက်စီခန့်သာ မြင်ရလျက် သူငယ်အိမ် ဖြူဖြူကြီးတို့သာ သွေးကြောကလေးများ ယှက်သန်းကာ ကြီးကျယ် မို့မောက်နေကုန်၏။

ကိုတောက်ထွန်းသည် လူသေကို သေချာစွာ ကြည့်ရှုနေရာမှ လူသေ၏ခါးတစ်ဖက်တစ်ချက် အိပ်ရာခင်းပေါ်သို့ ညွှန်ပြရင်း–

"ဒီမှာ ခြေရာနှစ်ခု ထင်နေတယ်ဗျ၊ မရှေ့မပြောင်းဘဲထားတာ ကျေးဇူးတင်ပါတယ်ဗျာ"

ဆိုပြီး လူသေ၏ နှာခေါင်းကို ငုံ့၍ နမ်းကြည့်၏။

ကိုကျော်ဇော "အိပ်ရာပေါ်တင်မကဘူး ကြမ်းပေါ်မှာလည်း ခြေရာတွေ အများကြီး ရှိပါတယ်၊ မရှေ့မပြောင်းဘဲ ထားပေမယ့်လဲ သိပ်အကြောင်းမထူးတော့ပါဘူး၊ အမှုက လွယ်လွယ်ရှင်းရှင်းကလေးရယ်ဗျ၊ ဟောဟိုနံရံမှာကြည့်စမ်းပါဦး"ဟု ဆိုရင်း နံရံကို ညွှန်ပြပြီး

"Want nothing but revenge"

"ဘာမျှမလိုချင်ဘူး၊ ကလဲ့စားချေတာတဲ့ဗျ၊ ကဲ...ရှင်းရှင်းလေးရယ်"

✿

mgyoe.com

mgyoe.com

## ကိုကျော်ဇော၏ ခြေရာကောက် စုံထောက်ပုံများ

ထိုစာမှာ တိုက်နံ့ရံဝါဝါတွင် ကျွန်တော်၏ လက်တစ်လှမ်းခန့်မြင့်သော နေရာ၌ မြေဖြူဖြင့် ထင်ရှားစွာ ရေးထား၏။ ကိုတောက်ထွန်းက စာကို သေချာစွာ ကြည့်ရှုပြီး–

"ကိုကျော်ဇော သူ ဘာမျှမလိုချင်ဘူးဆိုတာ ခင်ဗျား ယုံသလား…၊ သူလိုချင်တာ မရသေးဘူးဆိုတဲ့ အဓိပ္ပာယ်ရှိတယ်ဗျ"

ကိုကျော်ဇောက ဖြတ်၍–

"ဒါတော့ တရားခံ ဖမ်းပြီးတော့မှပဲ မေးကြည့်တော့မယ်၊ လာဗျာ… ကျွန်တော် တရားခံရှာပုံနည်းကလေးလည်း ကြည့်ပြီး ချီးမွမ်းကြပါဦး၊ ဟောဒီမှာ ငုံ့ကြည့်ဗျ၊ သူ့ခြေရာတွေ ကောင်းကောင်းမြင်နိုင်တယ်.."

ဟုဆိုကာ ထိုင်ရင်း အောက်သို့ငုံ့ပြ၏။ ကျွန်တော်နှင့် ကိုတောက်ထွန်းလည်း ငုံ့၍ကြည့်ကြ၏။

ကိုကျော်ဇောက ဆက်၍–

"ဟောဒီမှာကြည့်ဗျ… ဒါက စာသွားရေးတဲ့ခြေရာ၊ ဟောဒါက ခုတင်ပေါ် လှမ်းတက်တာ၊ အဲဒါတွေက ကျွန်တော်တို့ ခြေရာတွေဗျ၊ ဘယ်လောက် ခြားနားသလဲလို့၊ အမယ်…အမယ် မီးအာမခံသေတ္တာဆီလည်း သွားလိုက်သေးဗျို့၊ လွယ်လွယ်ကူကူရမယ်များ အောက်မေ့လို့ထင်ပါရဲ့…"

ခြေရာတို့မှာ ပြောင်လက်အောင် ဖယောင်းနှင့် ပေါလစ်ရှိုက်ထားသော ကြမ်းပြင်ပေါ်တွင် ကောင်းမွန်ထင်ရှားစွာ မြင်နိုင်ပေ၏။

mgyoe.com

mgyoe.com


ဇော ။ ။ ''ဟောဒီမှာကြည့်ဗျ၊ ပြတင်းပေါက်ဆီကိုလည်း သွားသေးတယ်၊ ခြေရာ တော်တော်ကိုကြီးတဲ့လူ၊ ရော်ဘာဖိနပ်ကြီး စီးထားတာဗျ''

ကိုတောက်ထွန်းသည် ကိုကျော်ဇော ပြနေသည်တို့ကို ကြည့်ရှုနေရာမှ အိတ်ထဲ၌ အသင့်ပါလာသော မှန်ဘီလူးနှင့် ပေကြိုးကိုထုတ်ပြီး ထင်ရှားသော ခြေရာတစ်ခုကို ကြည့်ရှုတိုင်းထွာနေ၏။

ဇော ။ ။ ''ခင်ဗျားကပြင့် လုပ်ကပြီ၊ ဝတ္ထုထဲက စုံထောက်တွေလို ဘာမြင်ရသလဲ ခြေရာကြီးကြီး လူကြီးကြီးပေါ့ဗျ''

ထွန်း ။ ။ (ပြုံးရင်း) ''ခင်ဗျာ အဲသလိုမကြည့်လို့ကို မသိတာ၊ ဘယ်ကလာ လူကြီးရမှာလဲ၊ လူနဲ့မတန်တဲ့ ဖိနပ်ကြီးကို စီးထားတာဗျ၊ ကြည့်ပါလား ခြက်သာကျယ်ပြီး ခြေဖျားနေရာတွေက ကောင်းကောင်းမထိဘူး၊ ဖိနပ်က ရော်ဘာဖိနပ်မှ အတော်ကိုဟောင်းနေပြီ''

ဇော ။ ။ (မခံချင်သော အမူအရာဖြင့်) ''မသိ,သိဗျာ တရားခံမိနေမင့်ဟာ သူ့တိုင်းသူ ဘာဖိနပ်ကြီး စီးလာလာ… လာကြဗျာ၊ အပြင်ဘက်က ခြေရာတွေက ပိုပြီးရှင်းတယ်၊ သူလာတဲ့လမ်းလည်း ပြလိမ့်မယ်''ဟုဆိုရင်း ရှေ့မှ လျှောက်သွားသဖြင့် ကျွန်တော်တို့လည်း နောက်မှလိုက်ကြလေ၏။

သုံးယောက်သား ခေါင်းငုံ့ကြကာ ကိုကျော်ဇောက

''ကြည့်ဗျ ဒါတွေက ဒီအိမ်က ဦးဘိုးသင်းဆိုတဲ့ လူကြီး လန့်အော်ပြေးတဲ့ ခြေရာတွေဗျ၊ ဟောဒါက သူလာခဲ့တာဗျ၊ ဟောဟို နောက်ဖေးဆောင်ထွက်တဲ့ တံခါးတွေကလာတာ၊ ဟောဒီ တံခါးကိုကြည့်ပါဦးဗျ''

အခန်းတံခါးကိုဆွဲပြရင်း ''မင်းတုပ်ဖွင့်ဖို့ လက်ဝင်သာအောင် ဖောက်ထားတာ… သူ့ဓားက အိမ်ဖောက်ဖို့ ဖောက်ဓားသက်သက်ဗျ နော်… ကြည့်ကြည့် သူပြန်သွားတာ ဘယ်အခန်းကိုလည်းဆိုတာ…''

ကျွန်တော်တို့ သုံးယောက်မှာ ရွှံ့အိုင်ထဲတွင် ငါးဖမ်းကြသကဲ့သို့ ထိုခြေရာများ ဦးဆောင်ရာသို့ လိုက်သွားကြရာ မျက်နှာချင်းဆိုင် အခန်းတစ်ခု၏ တံခါးဝသို့ရောက်ကြလေ၏။ ၄င်းခြေရာလမ်းတို့မှာ လူသေအခန်းနှင့် ယခုအခန်း နောက်ဖေးဆောင်တံခါးဝ ဤသုံးနေရာတို့ကို တြိဂံပုံသဏ္ဌာန် ဆက်သွယ်လျက် ရှိနေ၏။

ကိုကျော်ဇောသည် နောက်ဖေးဆောင်တံခါးဆီသို့ သွားသောခြေရာတို့ကို ညွှန်ပြရင်း–

mgyoe.com

mgyoe.com


"အဲ... ဒါတော့ နောက်မှပြောမယ်၊ အခု သူ အိမ်ပေါ်တက်တဲ့ခြေရာတွေကြည့်ကြပါဦး"

ဟုဆိုကာ အခန်းထဲသို့ ဦးအောင်သွား၍ အခန်းအတွင်း လက်ယာဘက်တွင် ခုတင်တစ်လုံးကို တွေ့ရ၍ နောက်တန်းပေါ်တွင် ထဘီများ ခေါက်တင်ထားသည်ကို ထောက်သဖြင့် မိန်းကလေးအိပ်ရာဖြစ်ကြောင်းကို သိနိုင်ပေ၏။

ကိုကျော်ဇောသည် ခုတင်ခြေရင်းဘက်ရှိ ပြတင်းပေါက်ဆီသို့ သွား၍ အောက်သို့ညွှန်ပြရင်း-

"ဟောဒီမှာ ဘယ်လောက်ထင်ရှားသလဲဗျ၊ ရေပိုက်ကိုဆွဲပြီး တိုက်နံရံ ခြေကန်တက်ထားတာ"

ကျွန်တော်တို့နှစ်ယောက်လည်း ငုံ့ကြည့်ကြကာ ကျွန်တော်ကပင်...

"ဟုတ်သဗျို့... ကိုတောက်ထွန်း သိပ်ထင်ရှားတာပဲ"

ကိုတောက်ထွန်းသည် ပြတင်းပေါက်ဘောင်ကို မှန်ဘီလူးဖြင့် ကပ်ကြည့်ပြီး တစ်ဖန် နမ်းကြည့်၍-

"ရော်ဘာလက်စွပ်အိတ်နဲ့ တက်တာဗျို့... လက်စွပ်ကလည်း အသစ်ပဲ"

ဆက်လက်ကြည့်ရှုရင်း တစ်ဖန်

"အလို...အပေါ်က ဆွဲတင်တဲ့ လူတစ်ယောက် ရှိသေးတယ်ဗျ၊ ဟောဒါက ညာလက်ရာ၊ ဘယ်ဘက်လက်ကို ဆွဲတင်တာပဲ..."

ကိုကျော်ဇောမှာ အံ့ဩသံနှင့် ဖြတ်၍-

"အလို... ကိုယ့်ဆရာက ဒါတွေတောင် သိသွားမှပဲ၊ ဆွဲတင်တာတော့ တခြားလူ ဟုတ်ပါရိုးလားဗျာ၊ ကိုဘခိုင်ရဲ့ညီမ မခင်မြင့်ပေါ့၊ သူ့အဖေ သတ်သွားတာက သူ့ရည်းစား မောင်စိုးနဲ့တဲ့၊ ဒါကြောင့် ဟို ဒေါသကုမ္ပာရကို မပြောဝံ့တာဗျ"

ကိုတောက်ထွန်းမှာ အမူအရာ တစ်စုံတစ်ရာ ပြောင်းလဲခြင်းမရှိဘဲ

ထွန်း ။ ။ "သူတို့ သမီးရည်းစားနှစ်ယောက်က အဖေကို သဘောတူ သတ်ကြသတဲ့လားဗျ"

ဇော ။ ။ "အို... ကိုယ့်ဆရာနယ်၊ ဒီလိုဘယ်ဟုတ်မလဲဗျ၊ ကောင်မလေးက သူ့ရည်းစားကို ဒီနေ့ ၁၂ နာရီရထားနဲ့ ခရီးထွက်မယ်ဆိုလို့ နှုတ်ဆက်တဲ့ သဘောနဲ့ ခေါ်တွေ့တာ၊ ငနေ့က ည ၁၂ နာရီမှာလာသတဲ့၊ နို့ပြီး... လေးနာရီ လောက်မှ ပြန်သွားသတဲ့၊ ဒီအတွင်း... သူတို့ခုတင်ပေါ်မှာ ဖိမ်ယူနေကြရင်း

mgyoe.com

m-gyoe.com


ကောင်မလေးက အိပ်ပျော်သွားသတဲ့…၊ ဒီ အိပ်ပျော်နေတုန်း သူ သဘောရှိ လုပ်သွားတာပေါ့ဗျာ… အကြံနဲ့လူပဲ…"

ကိုတောက်ထွန်းက ဖြတ်၍-

"မိန်းကလေးက ရည်းစားတစ်ယောက်လုံး အိပ်ရာပေါ် လက်ခံထားပြီး အိပ်ပျော်သွားသတဲ့လား…"

ဓော ။ ။ "အို… ကိုယ့်ဆရာကလည်း လူပျိုကြီးပီပီ တယ်ညံ့သေးတာကိုး… သူ့အကြံနဲ့ သူပဲဗျ၊ သူ့ရည်းစား သူ ဘယ်လိုချော့သိပ်သလဲမှ မသိတာ၊ ချော့သိပ်တဲ့နည်းလေး ဘာလေးသိချင်ရင် အဲဒီတရားခံ ဖမ်းပြီးမှပဲ လာမေးပေတော့" ဟု ရယ်ရင်းပြော၏။

ကိုတောက်ထွန်းက စိတ်မရှည်သလို-

"အပိုတွေ နောက်မနေစမ်းပါနဲ့ဗျာ… နို့နေပါဦး၊ ဒီမိန်းကလေးက သူ့ရည်းစား လက်ခံတဲ့အကြောင်း ဖွင့်ပြောပလား"

ဓော ။ ။ "ခြေရာလက်ရာနဲ့ ကျကျနန တွေ့နေတဲ့ဟာ ဘာငြင်းရမလဲ ပြောရတာပေါ့ဗျာ၊ အစဦးတော့ ရှက်သလိုကြောက်သလိုနဲ့ ကွယ်နေသေးတယ်၊ နောက် ကျွန်တော်က အတင်းမေးတော့မှပေါ်တာ၊ အခုတော့ သူ့ဟာသူ နောင်တရ ဝမ်းနည်းပြီးတော့ နောက်ဖေးဆောင် သွားငိုနေတယ်ဗျ၊ သမီးမိန်းကလေးများ မွေးရတာ အဲဒါမျိုးတစ်ခု ဆိုးလှတယ်၊ ရည်းစားထားပြီး အချိန်မတော် တိတ်တိတ်ပုန်းခေါ်တွေ့၊ အကြံနဲ့ ရည်းစားက လွယ်လွယ်ကူကူနဲ့ သူ့အကြံအောင်သွားကရော၊ ခင်ဗျားတို့ကို သေသေချာချာ ပြောပြရဦးမယ်၊ ကျွန်တော် အိမ်ပေါ်ရောက်လာ,လာချင်း လူသေကို သွားကြည့်တယ်၊ လူသေကလဲ ခင်ဗျားတို့မြင်တဲ့ အတိုင်းပဲ၊ ကျွန်တော် ရာဇဝတ်ဘက်လုပ်လာတာ ၁၅-နှစ်ကျော်ပြီ၊ ဒီလောက် ရက်ရက်စက်စက်လုပ်ထားတဲ့ လူသေမျိုး တစ်ခါမှမကြုံဖူးသေဘူး"

"ဒါနဲ့ ဘယ်တံခါးတွေ ပွင့်နေသလဲမေးတော့၊ ဟိုဖောက်ထားတဲ့ တံခါးနဲ့ နောက်ဖေးဆောင် ကူးတဲ့တံခါးပဲ ဟ,နေသတဲ့၊ ဒီပြင် အိမ်အောက်က တက်နိုင်တဲ့ တံခါးတွေလည်း တစ်ခုမှမပွင့်ဘူးတဲ့၊ ညက ဘာသံမှမကြားကြဘူးလား မေးတော့လဲ ဦးဘိုးသင်းဆိုတဲ့ လူကြီးက ၃-နာရီခွဲလောက်မှာ လေးလေးလံလံ အထုပ် တစ်ခု ကျသံလိုလို၊ တံခါးမင်းတုပ် ချသံလိုလို ကြားသတဲ့ဗျ၊ ကျွန်တော်ဖြင့် အစ ပထမဦး၊ အတော့်ကို ဦးနောက် ရှုပ်သွားတာပေါ့လေ… အိမ်ပေါ်မှာ အိပ်တဲ့ လူထဲက တစ်ယောက်ပဲလို့ ထင်လိုက်တာပဲ"

m-gyoe.com

mgyoe.com


"နောက် ခြေရာတွေကောက်ပြီး သေသေချာချာ ကြည့်လိုက်မှပဲ အခု အခန်းထဲရောက်၊ နောက်ပြီး ပြတင်းပေါက်ဖွင့်ကြည့်လိုက်တော့ တက်တဲ့ခြေရာ တွေ တွေ့ရော၊ အဲဒီတော့မှ 'ဒီအခန်းထဲ ဘယ်သူအိပ်သလဲ' မေးလိုက်တော့ တခြားသူ ဟုတ်ပါရိုးလား၊ သမီးချော မခင်မြင့်ပေါ့… သူ့ခေါ်ပြီး 'ဒီအခန်းထဲ ညက လူလာတယ် မင်းသိရမယ်' သူ့ခုတင်နံဘေး ဟိုကောင့်ခြေရာတွေကလည်း ထင်နေတာကိုးဗျ၊ ငနဲမလေးက အစဦးတော့ ငိုပြီး ဘူးချည်းခံနေသေးတယ်ဗျ၊ နောက်တော့မှ ကျွန်တော်က 'မင့်ဖေဖေကိုသတ်တာ အဲဒီလူပဲ၊ ပြောသာ ပြောတော့၊ ငါခြေရာခံလို့ အတိအကျမိနေပြီ' ဆိုတော့မှ ဖွင့်ပြောတာဗျ၊ နာမည်က ကိုစိုးနွဲ့တဲ့ ရွှေတောင်တန်း အိမ်နံပါတ်…. မှာနေသတဲ့ဗျ၊ အဲဒါ သွားဖမ်းဖို့ ရှိတော့တာပဲ…. ဆရာကြီးရေ"

ကိုတောက်ထွန်းက ရယ်မောရင်း…

"ဒီလိုဆို ခင်ဗျားဟာက တယ်လွယ်နေတာကပဲ"

ဇော ။ ။ "အေးလေ ဒါကြောင့် ခင်ဗျားကို လွယ်တယ်လို့ပြောနေမှပဲ၊ ဒီတစ်ပွဲမှာ ခင်ဗျားလာတာ အပိုပဲလို့ဆိုနေ၊ ခင်ဗျားတို့ကို ရှင်းရှင်းပြောရဦးမယ်၊ ကိုစိုးနွဲ့ဆိုတဲ့လူက ဟောဒီကနေ လက်လှမ်းတက်ကရောဗျ၊မခင်မြင့်က ဟောဒီလို ဆွဲယူတယ်ဗျ" ကိုကျော်ဇောသည် လက်ဟန်ခြေဟန်နှင့် လုပ်ပြရင်း "နို့… ပြီးတော့ ဒီခုတင်ပေါ်မှာ အုံးစက်ရာ ယှဉ်တွဲနေကြသဗျ။ ငနဲဖိနပ်ကို ဟောဒီ နားမှာချွတ်သဗျ၊ အတော်ကြာတော့ ငနဲက… ကောင်မလေးကို မအိပ်, အိပ်အောင် ချော့သိပ်၊ အိပ်လဲ အိပ်ကရော ခြေသံမကြားအောင် ဖိနပ်စီးပြီး အပြင်ထွက်ပါရော၊ လာကြဗျို့ ဒီကို…"ဟု ဆိုကာ အခန်းဝဆီသို့ ခေါ်သွားပြန်၍ ခေါင်းငုံ့ပြရင်း "ဟောဒီမှာကြည့်ဗျ… သူ့ခြေရာတွေ ပထမဦး နောက်ဖေးဆောင်ကူးတဲ့ တံခါး ကိုသွားတယ်ဗျ၊ လာ…လာ… ဟောဒီနားကို" နောက်ဖေးဆောင်တံခါးဆီသို့ သွားပြီးမှ "ဒီတံခါးကို သူဖွင့်ရော၊ ဖွင့်ပြီး ဦးဘိုးခ အိပ်ခန်းဆီကိုသွားတယ်ဗျ၊ သူ ဒီအခန်းတံခါးဖွင့်တဲ့ ရည်ရွယ်ချက်က သူဒီအခန်းပေါက်က ဝင်လာတယ် ထင်အောင်လို့၊ သို့မဟုတ် လူပါနိုးရင် လွယ်လွယ်ကူကူ ထွက်ပြေးဖို့…."

ကိုတောက်ထွန်းက ဖြတ်၍ အောက်မှတက်သော လှေကားဝ၏ လှေကား ဖုံးကြီးကိုပြကာ

"ဟိုလှေကားဖုံးကြီးက ကျကျနန ပိတ်ထားတာ၊ ခင်ဗျားပြောသလို သာ…" စကားမဆုံးမီ ကိုကျော်ဇောက

mgyoe.com

"အို... ဒီတံခါးရှိမှန်း သူသိချင်မှ သိမှာပေါ့ဗျ..."

ထွန်း ။ ။ (ပြုံးရင်း) "ဒီလိုဆို သိပ်ဉာဏ်နည်းတဲ့ လူသတ်သမားပဲ"

ဇော ။ ။ "အေးလေ ဉာဏ်နည်းလို့ကို ခြေရာ လက်ရာနဲ့ အတိအကျ မိနေတာပေါ့ဗျ၊ ခင်ဗျား သေသေချာချာ ပြောပြရဦးမယ်၊ အဲဒီကနေပြီး သူ ဦးဘိုးခရဲ့အခန်းကို ဟောဒီလိုသွားရောဗျ... လာကြဗျို့... ဒီကို" ဟု ရှေ့က ခြေဟန်လက်ဟန်နှင့် ခေါ်ရင်းသွား၍ လူသေအခန်းတံခါးကို ဆွဲစိကာ "ဒီလိုအခန်းတံခါးပိတ်နေတာတွေ့တော့ ဟောဒီလို အထက်အောက် တွန်း ကြည့်တယ်ဗျ... အောက်မင်းတုပ် မချဘူး၊ အထက်မင်းတုပ်တင် ထိုးထားတယ် ဆိုတာ သိရော၊ ဒီတော့မှ ဖောက်ကရော၊ ဖောက်တဲ့နေရာမှာ သူ့အဖို့ ဘာမျှ စိုးရိမ်စရာမရှိဘူးပေါ့၊ အိမ်မှာရှိနေတဲ့ လူတွေက ဦးဘိုးသင်းကြီးရယ်၊ အစေခံ မိန်းမကြီးရယ်ဆိုတော့ ဘာဂရုစိုက်စရာ ရှိသလဲ၊ ဖောက်နေတုန်း ဦးဘိုးခ နိုးလာရင်လည်း တံခါးဖွင့်တယ် ဆိုရင် အိပ်မှုန်စုံမွှားနဲ့ ထလာတဲ့လူကို ဓားနဲ့ ထိုးလိုက်ရုံပဲ၊ မပွင့်သေးဘူးဆိုရင်လည်း သူရည်းစားအခန်း ပြန်ပြေးရုံပဲ၊ ရည်းစား ကတော့ ဘယ်နည်းနဲ့မဆို ကာကွယ်မှာပဲ၊ အိမ်ခံတစ်ယောက်လုံး ရည်းစား လုပ်ထားရတော့ အခွင့်အရေး ချောင်တာပေါ့ဗျာ..."

"အဲ... ကံအားလျော်စွာပဲ တံခါးဖွင့်ပြီးသည့်တိုင်အောင် ဦးဘိုးခက မနိုးဘူး ခင်ဗျ၊ ဒီတော့မှ အခန်းထဲဝင်၊ အိပ်နေတဲ့လူကို မထနိုင်အောင်ခွစီး၊ ပါးစပ်ထဲ သက္ကလပ်စနဲ့ဆို့၊ အပေါ်ကအဝတ်နဲ့ ထပ်စီး..."

ကိုတောက်ထွန်းက ထောက်၍-

"ပါးစပ်ထဲ မဆို့ခင် မေ့ဆေးပေးသေးတယ်ဗျ..."

ဇော ။ ။ "ပေးပေး၊ မပေးပေးဗျာ တရားခံသိနေမှဟာ မထူးပါဘူး၊ နို့ပြီး ခြေတွေလက်တွေ ကြိုးနဲ့ချည်ပြီး ခုတင်တိုင်နဲ့တုပ်၊ နောက်ပြီးတော့မှ ရင်ကိုခွဲတာဗျ..."

ထွန်း ။ ။ "ခင်ဗျားအရေးကြီးတာတွေ ကျန်နေပြီ၊ ခြေတွေလက်တွေ တုပ်နှောင်ပြီးတော့ မေ့ဆေး ပြန်ဖျန်းသေးတယ်ခင်ဗျ၊ နောက်ပြီးမှ ထူးဆန်းတဲ့ နည်းနဲ့ တဖြည်းဖြည်း အသေသတ်တယ်ဗျ၊ နောက်ဆုံးမှ ရင်ကိုခွဲတာခင်ဗျ..."

ကိုကျော်ဇောသည် လန့်ဖျပ်သလို ကိုတောက်ထွန်း၏မျက်နှာကို မချင့်မရဲ ကြည့်ရင်း-

"အလ,လား... ခင်ဗျားကဖြင့်ပိုလာပြီ၊ ဘယ်လိုထူးဆန်းတဲ့နည်းနဲ့ သတ်တာလဲ၊ ဟိုလက်မောင်းက မဖြစ်စလောက် ဓားရာကလေးနဲ့လား.."

mgyoe.com

mgyoe.com

ထွန်း ။ ။ "အဲဒါက ပထမဦးဆုံး သူ့မျှော်လင့်ချက်တစ်ခုခုနဲ့ ဓားစမ်း လိုက်တာဗျ၊ နောက်မှ အသေသတ်တာ၊ အဲဒါ ခင်ဗျာ့ကို ရှင်းပြဦးမယ်"

ဇော ။ ။ "မရှင်းပြပါနဲ့တော့ဗျာ၊ တရားခံဖမ်းပြီးတော့မှပဲ မေးကြည့် တော့မယ်၊ ကျွန်တော့်စကား လက်စကလေး ဆက်ပြောပါရစေဦး…"

ကိုကျော်ဇော ဆိုသူမှာ သူ၏ မောက်ကျယ်သောနဖူး၊ ပြန့်ပြူးသော ပါးစပ်၊ ပါးနပ်ဟန်ဆောင်သော မျက်လုံးတို့ဖြင့် လိုက်လျောညီစွာ သူ၏စိတ်နေ သဘောထားမှာ သူထင်မြင်ယူဆမိလျှင် မပြင်ချင်၊ ကြားဝင်မခံချင်၊ ငါ့စကား နွားရသာ ပြောလိုသော သဘောရှိပေ၏။

ကိုတောက်ထွန်းသည် သူ၏ အမူအရာကို ကြည့်ရင်း ပြုံးစိစိလုပ်နေ၏။ ကိုကျော်ဇောမှာ မဆိုင်းမတွနိုင်ဘဲ-

"အဲလို… ရင်ခွဲ စိတ်ရှိလက်ရှိ သတ်ပြီးတော့မှ နံရံမှာ အဲပဟိုစာကို ရေးတာဗျ၊ ပြီးတော့မှ ဟောဒီအခန်းတံခါးစေ့ခဲ့ပြီး သူ့ရည်းစားအခန်း ပြန်ပါရော၊ လာကြပါဦးဗျ… ဟိုဘက်အခန်းကို" ဟုဆိုကာ မိန်းကလေးအိပ်ခန်းဆီသို့ ဦးဆောင်သွားပြန်၏။

ကိုတောက်ထွန်းမှာ ပျင်းရိလာဟန်နှင့်-

"ခင်ဗျားလက်ချာကလဲ မပြီးနိုင်သေးဘူးလားဗျ၊ တရားခံသိလဲ သွားဖမ်း ရောပေါ့"

ဇော ။ ။ "အို… လာစမ်းပါဦး၊ ခင်ဗျားတို့လူပို့ကြီးတွေ နားမလည် သေးတဲ့ အမူအရာကလေးတွေ ပြချင်လို့ပါ"ဆိုပြီး ဆွဲခေါ်သွားပြန်၏။

ကျွန်တော်တို့ ခုတင်ဘေးနားရောက်လျှင် သူက ဆက်လက်၍-

"သူ ခဏလောက် သူ့မြာနား ဝင်အိပ်ပေါ့ဗျာ၊ တော်တော်လေးကြာမှ ကောင်မလေးကို ကစ်စ်ကလေး ဘာလေး ပေးနှိုးပြီးတော့ နှမရဲ့အချစ်ရဲ့ ကိုကို ပြန်တော့မယ်ပေါ့လေ" အမူအရာနှင့် လုပ်ပြ၏။

ကိုတောက်ထွန်းက သဘောမကျဟန်နှင့်-

"တယ်ရှည်တဲ့လူဗျာ၊ ရိုးရိုး ပြောတာမဟုတ်ဘူး"

ကိုကျော်ဇောသည် သဘောကျစွာရယ်မောရင်း-

" ခင်ဗျားတို့ လူပို့ကြီးတွေ အဲဒါ ခက်ကျတာပဲ၊ ဒီက နားလည်အောင်လို့ သေသေချာချာလုပ်ပြတာ အဲလိုနိုးပြီးတော့မှ ပဲယားဝဲလဲ ကစ်စ်ကလေး ဘာလေး ပေးပေါ့ဗျာ၊ နောက်ပြီးမှ ငနဲက ရေပိုက်ဆွဲဆင်းပြီး ပြန်ရော၊ ကောင်မလေးက

mgyoe.com

mgyoe.com


ကုန်းပြီးမျှော်ကြည့်နေပြီး ရည်းစားအရိပ် မျက်စိဆုံးမှ ပူပူနွေးနွေးကြီး ခွဲလိုက်ရတာ ဟာတာတာကြီး ကျန်ရစ်ခဲ့လို့ စိတ်ပျက်ပျက်နဲ့ ဟောဒီ ပြတင်းပေါက်တံခါး ဆွဲပိတ်ပါရော။

အဲဒီတော့မှ ဟိုနယောင်နကန်းနဲ့ ဦးဘိုသင်းကြီးက ဆန်ခိုးသံမကြား ဖွဲခိုးသံကြားပြီးတော့ ဟဲ့..ခုန ဘာသံလဲလို့ ထမေးရော ဒီတော့ ကောင်မလေးက “ကျွန်မ ပြတင်းပေါက် ထဖွင့်ပြီး ခုနစ်စဉ်ကြယ် ကြည့်တာပေါ့၊ မိန်းမဆိုတာ ဒီနေရာမျိုး တယ်ဉာဏ်များတာ ခင်ဗျားတို့ လူပျိုကြီးတွေ မသိသေးဘူး၊ အဲဒါပဲ ဦးဘိုးသင်းကြီးက လေးလေးလံလံ အထုပ်ကျသံလိုလို တံခါးမင်းတုပ် ချသံလိုလို တဲ့ဗျ၊ စင်စစ် လေးလေးလံလံအထုပ်ကျသံဆိုတာက ကောင်မလေး ပြတင်း တံခါး ဆွဲပိတ်တာဗျ၊ မင်းတုပ်ချသံဆိုတာကတော့ ဟုတ်ပါတယ်၊ ကဲ...မရှင်း လားဗျာ၊ ခု ရွှေတောင်တန်း သွားဖမ်းဖို့ရှိတော့တယ်”

ကိုကျော်ဇောသည် ကျွန်တော်တို့မျက်နှာကို ကြည့်ရင်း သူလက်ဝါးကို ရှေ့သို့ထိုးဖြန့်ကာ စကား အဆုံးသတ်လိုက်လေ၏။

mgyoe.com

mgyoe.com

# ရည်းစားကို လက်ခံမိသော မိန်းမပျို

ကျွန်တော်မှာ ကိုကျော်ဇော ပြောပြသည်တို့ကို သဘောပေါက် နားလည်လာ၍-

"အင်း... ဟုတ်တယ်ဗျ၊ ဒီလိုဆိုတော့ တန်းနေတာပဲ၊ ဒီကောင်ကိုက ဉာဏ်နည်းတာ၊ ရည်းစားကလေး အားကိုးပြီးတော့ ဖအေ တစ်ယောက်လုံး သတ်တာ၊ သူ့မဖော်ဘဲ နေပါ့မလားလို့၊ နို့ပြီး ခြေရာလက်ရာတွေကလည်း ပျောက်ပျောက်ပျက်ပျက် မဟုတ်ဘူး။ တကတည်း... ဖိနပ်အကြီးကြီးပဲ စီးလာလိုက်ရသေးတယ်၊ သူ့ရည်းစားကများ ဖုံးထားမယ်အောက်မေ့ထင်ပါရဲ့၊ ဒီလောက် ဉာဏ်နည်းတဲ့ကောင် ကြိုးစင်သာ တက်ပေရော့..."

ကိုတောက်ထွန်းသည် လေးလေးနက်နက် စဉ်းစားနေရာမှ ကျွန်တော် ပြောပြသည်တို့ကို ပြုံး၍ ခေါင်းခါရင်း...

"မဟုတ်ဘူးဗျ၊ ဒီလူဉာဏ်ရှိတယ်၊ ရည်းစားက မဖုံးဘူးဆိုတာ သူသိလို့ ဒီနည်းဆင်သွားတာ၊ ဒီလူလုပ်ပုံကိုင်ပုံ အတော်သေသပ်တယ်၊ ဉာဏ်လဲပိုင်တယ်၊ သတ္တိလဲ တကယ်ကောင်းတယ်၊ ဒါဟာ မခင်မြင့်ရဲ့ရည်းစား မောင်စိုးနဲ့ မဟုတ်ဘူးဗျ..."

ကိုကျော်ဇောသည် လန့်ဖျပ်ကာ မျက်လုံးပြူးကြည့်ရင်း-

"ဘာ...ဘာ ဒါ မောင်စိုးနဲ့ မဟုတ်ဘူး၊ ခင်ဗျားကဖြင့် ကြံကြံဖန်ဖန် လုပ်ကရော့မယ်၊ ခြေရာလက်ရာတွေ ကျကျနနတွေ့နေပြီး သူ့ရည်းစားကိုယ်တိုင်က ဖွင့်ပြောထားပြီဟာ ခင်ဗျားက အတွေးခေါင်ပြီး မောင်စိုးနဲ့မဟုတ်၊ ဘယ်သူလဲ ဘယ်လိုရွှေဉာဏ်တော် စူးရောက်ပုံလလည်း ရှင်းစမ်းပါဦး..."

mgyoe.com

mgyoe.com

ကိုတောက်ထွန်းသည် အေးဆေးသောအမူအရာဖြင့်–

"ရှင်းပြရတာပေါ့ဗျာ…၊ ကဲ…၊ ကိုစောလွင်၊ မခင်မြင့်ကို ဒီအခန်းထဲ တစ်ယောက်တည်းလာဖို့ ခေါ်ခိုင်းလိုက်စမ်းပါ၊ ကိုဘခိုင်ကို မလာစေနဲ့၊ အဲဒီမှာ နေဖို့ ကျုပ်က ပြောတယ်လို့ပြောလိုက်…"

ကျွန်တော်သည် ခြေရာများ ရှုပ်ထွေးမည်စိုး၍ ကူးသန်းသွားလာခြင်း မပြုရန် ကိုကျော်ဇော တားမြစ်ထားသဖြင့် ဧည့်ခန်းတွင် စုရုံးနေကြသော လူစု ဆီသို့ သွားရောက်ကာ ကိုတောက်ထွန်းပြောသည့်အတိုင်း ဆောင်ရွက်ပြီး ပြန်လာ ခဲ့ပါ၏။

မကြာမီ မခင်မြင့်ဆိုသူ မိန်းကလေးသည် တရှိုက်ရှိုက်နှင့်ငိုကာ အခန်းဝ ဆီသို့ ရောက်လာလေ၏။ မိန်းကလေးမှာ အသက် (၁၈)နှစ် (၁၉)နှစ်ခန့်၊ အသား ဖြူဝါဝါ၊ ပြည့်ပြည့်တင်းတင်းနှင့် လုံးကြီးပေါက်လှ ဖြစ်ပေ၏။

သူ၏သိသိသာသာ ပြုပြင်ထားသော မျက်ခုံးမွေး၊ လိမ်ကောက် ကွမြောက် ၍ထားသော ဆံဦးစွန်းဖုတ်နှင့် ပါးလွှာတိုကြပ် တင်းရင်းစွာ ဝတ်ဆင်ထားသော အင်္ကျီတို့မှာ ခေတ်နောက်က မလိုက်သော လူချမ်းသာသမီး ဖြစ်ကြောင်းကို ဖော်ပြပေ၏။

ညဉ့်ဦးက ပြုပြင်ထားဟန်တူသော နှုတ်ခမ်းနီ ပါးနီဆေးတို့မှာ ဝါကျန့် ကျန့် ကျန်နေသေး၏။

ကိုတောက်ထွန်းက "လာပါ… အထဲရောက်အောင် ဝင်ခဲ့ပါ" ဆိုသဖြင့် ဝင်လာခါ ခုတင်တိုင်ကိုမှီရင်း တရှုပ်ရှုပ်နှင့် ငိုနေ၏။ ကိုတောက်ထွန်းသည် သူ၏ လူကဲခတ်တတ်သော ဝါသနာအတိုင်း မိန်းကလေး၏မျက်နှာကို စေ့စေ့ ကြည့်ရင်း…

"မင့်ရည်းစား မောင်စိုးနဲ့ကို ဒီလိုညအချိန်မှာ အိမ်ခေါ်တွေ့တာ ဒါပထမ အကြိမ်ပဲ မဟုတ်လား"

မြင့် ။ ။ (ရှိုက်ငိုနေရာမှ) "ဟုတ်..ဟုတ်…ဟုတ်ပါတယ်၊ ခါတိုင်း ဒီလို တစ်ခါမှ ခေါ်…ခေါ် မတွေ့ဖူးပါဘူး၊ ခုမှ သူ ပြည်သွားပြီး တစ်လ လောက်ကြာအောင် နေရမယ်ဆိုလို့ သွားခါနီး တွေ့စမ်းပါရစေ ပူစာလွန်းလို့ ခုတော့ သူက လူဆိုး၊ ကျွန်မ ဖေဖေကို…"

ထွန်း ။ ။ "မဟုတ်သေးဘူးကွယ့်… မိန်းကလေးရဲ့၊ မင့်ရည်းစား မောင်စိုးနဲ့ မဟုတ်နိုင်တဲ့အချက်တွေ အများကြီးရှိတယ်၊ မေးတာကို ရှင်းရှင်း လင်းလင်းနဲ့ စဉ်းစဉ်းစားစား ပြောစမ်းပါ…"

mgyoe.com

mgyoe.com


မခင်မြင့်သည် အံ့သြသလို ခေါင်းမော့လာပြီး–

"ဟင်… တကယ်လားရှင်၊ မေးပါ… ပြောပါ့မယ်"

သူ့ရည်းစား မဟုတ်ကြောင်းကို ကာကွယ် လွတ်မြောက်ရန်နှင့် ဖခင်သတ်သူကို လူမှန်ပေါ်ပေါက်ရန်အတွက် အတော်စိတ်အားထက်သန်လာဟန်တူ၏။

ထွန်း ။ ။ မင့်ရည်းစားကို တွေ့ဖို့ချိန်းတော့ စာနဲ့ ရေးချိန်းတယ်မဟုတ်လား"

မြင့် ။ ။ "ဟုတ်ပါတယ် မနေ့က ရေးပေးလိုက်တာပါပဲ"

ထွန်း ။ ။ "မနက်ပိုင်းမှာ ထည့်လိုက်တာ မဟုတ်လား"

မြင့် ။ ။ "ဟုတ်ပါတယ်၊ ရှစ်နာရီလောက်မှာပါ"

ထွန်း ။ ။ "စာထည့်တော့၊ မင့်ကိုယ်တိုင်လား ဘယ်သူ…"

မြင့် ။ ။ "မဟုတ်ပါဘူး၊ ဒရိုင်ဘာကိုမြပဟန်ကို ခိုင်းပါတယ်"

ထွန်း ။ ။ "ခါတိုင်းလဲ သူ့ကို ဒီလိုပဲခိုင်းနေကြလား…."

မြင့် ။ ။ "ဟုတ်ပါတယ်"

ထွန်း ။ ။ မင့်စာထဲမှာ ရေးလိုက်တာက ဘယ်လိုလဲ ပြောပြစမ်းပါဦး"

မိန်းကလေးသည် ရှက်ကြောက်သလို လုပ်နေ၏။

ထွန်း ။ ။ "ပြောသာပြောပါကွယ်၊ ကိစ္စဖြစ်နေမှဟာ မထူးပါဘူး…"

မြင့် ။ ။ "ဒီလိုပါရှင် သူ ကျွန်မကို တစ်ယောက်ချင်း အတွေ့ခံဖို့ ပြောပြောနေတာ ကြာလှပါပြီ၊ ဒါပေမဲ့ ကျွန်မက ခွင့်မပေးခဲ့ပါဘူး၊ နောက်သီတင်းပတ်လောက်ကတော့ သူ ပြည်ကို အလုပ်နဲ့တစ်လလောက် သွားနေရမယ့်အကြောင်း ရေးတယ်ရှင့်၊ နောက်တစ်နေ့ပဲ ရက်ရှည်ခွဲကာနီး ချစ်ရိုးမှန်လျှင် အတွေ့ခံဖို့ ရေးပြန်တယ်ရှင့်၊ ကျွန်မက အတွေ့တော့ခံချင်ပါရဲ့၊ ဘယ်မှာတွေ့မှာလဲ တွေ့ဖို့နေရာမရှိဘူး၊ အိမ်မှာတွေ့ဖို့လဲ ဘယ်နည်းနဲ့မှမဖြစ်နိုင်ဘူး၊ အပြင်မှာတွေ့ဖို့လဲ ကျွန်မကိုကိုက တစ်ယောက်တည်း ဘယ်တော့မှမလွှတ်ဘူး၊ အိမ်က အဒေါ်ကြီးနဲ့မှလွှတ်တာ၊ အိမ်ကအဒေါ်ကြီးကလဲ ဘယ်တော့မှ လှည့်ပတ်ချော့မော့လို့ ရတာမဟုတ်ဘူး၊ ဖေဖေနဲ့ ကိုကို့လူယုံသက်သက်ပဲလို့ ပြန်ရေးပါတယ်။

"အဲဒီတော့ သူ့ဆီက ကြံစမ်းပါဦး မတွေ့ရ သေရမလောက် ရေးပြန်ပါတယ်ရှင်၊ ကျွန်မလဲ ဖြစ်မဖြစ် စဉ်းစားနေတုန်း ညီမလေးနဲ့ မေမေက ပဲခူးညအိပ် အလည်သွားပြီး ကိုကိုက နိုက်ဂျူတီကြတာနဲ့ အဆင်သင့်နေလို့ သူ့ကို ညလာဖို့ စာရေးလိုက်တာပါရှင်၊ စာထဲမှာက ဒီလိုပါ…"

mgyoe.com

ထိုသို့ပြောနေစဉ် အပြင်ဘက်မှ ဝုန်းဝုန်းဒိုင်းဒိုင်း အပြေးနှင်လာသော ခြေသံများနှင့် လူအချို့၏ အော်သံများကို ကြားရသဖြင့် မိန်းကလေးသည် ရုတ်တရက် စကားရပ်တန့်သွား၍ ကျွန်တော်တို့ အခန်းဝဆီသို့ လှည့်ကြည့်လိုက် လျှင် ကြည့်လိုက်ချင်း မည်သူက မည်သို့ပြောလိုက်သည် မသိ၊ သူညီမအကြောင်း ကြားလာသော ကိုဘခိုင်သည် ဓားလွယ်ကြီးတစ်ချောင်းကို ဆွဲကိုင်လျက် အခန်း ထဲသို့ တစ်ဟုန်တည်း ခုန်ဝင်လာပြီး "ဖအေသတ်တဲ့ ခွေးမ သေပေရော့" ဆိုရင်း ခုတင်ခြင်ထောင်တိုင်ကို မှီနေသော မခင်မြင့်ကလေးအား ဓားလွယ်ကြီးကို မြှောက်ပင့် ကာ တစ်အားကုန်ပိုင်းချလိုက်လေ၏။

ကိုကျော်ဇောနှင့် ကျွန်တော်သည် အံ့အားသင့်၍ လန့်ဖျပ်ကာ "ဟား" ဟု နှစ်ယောက်သား ပြိုင်တူအော်ရင်း နံဘေးသို့ ဆုတ်ပေးလိုက်မိစဉ် မခင်မြင့်၏ 'အမလေး' ဟူသော အော်သံကို ကြားလိုက်ရသဖြင့် မျက်စိတစ်မှိတ် လျှပ်တစ်ပြက် အတွင်း ခေါင်းတခြား ကိုယ်တခြား ဖြစ်သွားပြီဟု အောက်မေ့လိုက်ရ၏။

သို့သော် ရဲရင့်ဖျတ်လတ်၍ သတိကောင်းလှသော ကိုတောက်ထွန်းသည် ကိုဘခိုင်၏ ဓား၊ မခင်မြင့် မှီနေသောခြင်ထောင်တိုင်ကိုပင် မထိရမီ ကိုဘခိုင်၏ လက်ကို ဖမ်းဆီး ချုပ်ကိုင်ပြီးဖြစ်နေ၏။

အကယ်၍သာ ကိုတောက်ထွန်းက ဆီးမဖမ်းဘဲ ကိုဘခိုင်၏ ပိုင်နိုင်စွာ ခုတ်လိုက်သော ဓားချက်မှာ သူ့အရှိန်အတိုင်း သွားခဲ့ပါမူ မခင်မြင့် နံဘေးက ခြင်ထောင်တိုင် ခံနေသည်ဆိုရသော်လည်း ကြီးမားသန်စွမ်းသော ကိုဘခိုင်၏ အင်အားနှင့် ဖြက် လက်လေးလုံးခန့်၊ အလျား သုံးပေခွဲမျှရှည်သော ဓားလွယ်ကြီး ၏ အင်အားမှာ ဤခြင်ထောင်တိုင်မျိုး သုံးခုနှင့် မခင်မြင့်လည်ပင်းမျိုး သုံးခုကို တိရိစ္ဆာ ပြတ်သွားစေမည်မှာ ယုံမှားဖွယ်မရှိချေ။

မခင်မြင့်ခမျာမှာ အမယ်လေးတ,ရင်း၊ ဖက်ကလေးစင်းပေးရုံမှတစ်ပါး ဘာမျှ မတတ်နိုင်ချေ။ ကိုဘခိုင်မူကား…

"လွှတ်ဗျ ကိုတောက်ထွန်း၊ ကျွန်တော့်ကိုလွှတ်၊ ဒီဖအေသတ်တဲ့ခွေးမကို အသေသတ်မယ်ဗျ၊ လွှတ်သာလွှတ်"ဟုဆိုရင်း အတင်းရုန်းကန်နေ၏။

လုံးကျစ်တောင့်တင်းသော ကိုတောက်ထွန်းသည် ကိုဘခိုင်ကဲ့သို့ ကြီးကြီး ခိုင်ခိုင်ကြီး မဟုတ်သော်လည်း ကောင်းစွာ ချုပ်တည်းနိုင်သောကြောင့်သာ မခင်မြင့် ကလေး ချမ်းသာရပေ၏။ ထိုအခါမှ ကျွန်တော်တို့လည်း ကူညီဆွဲငင်ရန် သတိရ လာကြ၏။

mgyoe.com

mgyoe.com


ထွန်း ။ ။ ''ကိုဘခိုင် သတိထားပါဗျ၊ ကျုပ်စကား နားထောင်ပါဦး''

ခိုင် ။ ။ ''မထောင်ဘူးဗျာ... မထောင်ဘူး၊ လူပြည်နေလို့ ဘာထူးတော့မှာလဲ၊ ကြည့်စမ်းပါဦးဗျာ...။ နမက ရည်းစား အိမ်ပေါ်ခေါ်တွေ့သတဲ့၊ ရည်းစားက ဖအေသတ်သွားသတဲ့ ''ထွိ'' ကမ္ဘာမှာ ဒါမျိုးများ ကြားဖူးကြရဲ့လား၊ လွှတ်ကြပါဗျာ... လွှတ် လွှတ်၊ ကိုတောက်ထွန်း လွှတ်....''

ထွန်း ။ ။ ''ကိုဘခိုင် နေစမ်းပါဦး၊ ကျုပ်စကား နားထောင်စမ်းပါဦး''

ခိုင် ။ ။ ''ထောင်မနေနိုင်ဘူးဗျာ... မနက်ကသာ ဒါသိရင် ခင်ဗျားဆီလည်း လာမှာမဟုတ်ဘူး၊ သူလည်း သေပြီ၊ သူရည်းစားလည်း သတ်ပြီးပြီ၊ ကျုပ်လည်းကျုပ်ဟာ ကျုပ် သတ်သေပြီ၊ လွှတ်ဗျာ လွှတ်ကြ၊ ကိုတောက်ထွန်း ကျွန်တော့်ကိုချစ်ရင် လွှတ်၊ ခင်ဗျားတို့ ကိုယ်ချင်းစာကြည့်၊ ခင်ဗျားတို့သာ ကျွန်တော့်နေရာမှာဖြစ်ရရင် မြေကြီးပေါ် နေချင်စိတ်ရှိဦးမလား...''

မခင်မြင့်က ထောက်၍ ''လွှတ်လိုက်ကြပါရှင်၊ လွှတ်လိုက်ကြပါ၊ ကိုကို ကျွန်မကို သတ်ထိုက်ပါတယ်၊ ဒီအမိုက်မသေမှ အေးမယ်၊ ကိုကိုမသတ်လည်း ကျွန်မကိုယ်ကျွန်မ သတ်သေမှာပဲ၊ လွှတ်လိုက်ကြပါ...''

ထွန်း ။ ။ (အနည်းငယ်တင်းမာသောအသံဖြင့်)''နေကြပါဦး ကိုဘခိုင်၊ ကျုပ်ပြောတာ နားထောင်စမ်းပါ၊ ဒီသတ်သွားတဲ့လူဟာ မခင်မြင့် ရည်းစား မောင်စိုးနဲ့ မဟုတ်ဘူးဗျ၊ တခြားလူ၊ အဲဒါကို ကျုပ်အရ ရှာဖွေပေးမယ်၊ ယောကျ်ားကောင်း သတ္တိရှိတယ်ဆိုရင် မှန်ကန်တာကို ဖြစ်စေရမပေါ့၊ ဘာလုပ် မဟုတ်တာဖြစ်ရမှာလဲ၊ ဒီမိန်းကလေးမှာ သူ့ရည်းစားကို ခေါ်တွေ့တဲ့အပြစ် တစ်ခုပဲရှိတယ်၊ ခင်ဗျား... ကျုပ်ကို အားကိုးရိုး၊ ခင်မင်ရိုးမှန်ရင် တရားခံအစစ် မပေါ်မချင်း ဒီမိန်းကလေးကို ဘာမျှမလုပ်ဘူးလို့ ကတိထားစမ်းပါ''

ကိုဘခိုင်သည် အရှုံးလျှော့၍ ခေါင်းငိုက်စိုက်ကျသွား၏။

ကိုတောက်ထွန်းက ဆက်လက်၍ ''နောက် တရားခံအစစ် ပေါ်တော့မှ သူ့အပြစ်ကို စဉ်းစားတာပေါ့၊ ခု ဒီမိန်းကလေးကို လက်မလွန်ဖို့ ကတိထားပါဗျ နော်''

မျက်နှာကို စေ့စေ့ကြည့်၍ ပြော၏။

''ကဲ.. အပြင်ထွက်နေပါ၊ ဒီမှာ သူ့ကို စစ်မေးစရာရှိသေးတယ်...''

ကိုဘခိုင်သည် ခေါင်းငိုက်စိုက်ချရင်း အပြင်သို့ ထွက်သွားလေ၏။ အခန်းပြင်မှ ကြည့်နေကြသော သူတို့လည်း အချင်းချင်းတီးတိုးပြောရင်း ခွာရှဲ၍သွားကြလေ၏။

mgyoe.com

mgyoe.com


ကိုတောက်ထွန်းက မခင်မြင့်၏မျက်နှာကို စေ့စေ့ကြည့်ရင်း–

"အတော်လန့်သွားတယ်... ရေသောက်လိုက်ပါဦး... ကိုကျော်ဇော ရေတစ်ခွက် လှမ်းလိုက်ပါဗျာ..."

ကိုကျော်ဇောသည် အနီးရှိ ရေတကောင်းမှငှဲ့ရင်း... "တယ်.. ဒေါသကြီးတဲ့လူဗျာ၊ ကြေက်စရာကိုကောင်းရော..."ဟုဆိုပြီး မခင်မြင့်သို့ ရေတစ်ခွက် ကမ်းလိုက်၏။

မခင်မြင့်သည် ရေသောက်ပြီး သူ၏မျက်စိကို လက်ဖြင့် ပွတ်သပ်ကာ ဆံစများကို သိမ်းတင်နေခိုက် ကိုတောက်ထွန်းက–

"ကဲ...ခုနဟာ..ဆက်ပြောပါဦး... ချိန်းတဲ့စာထဲမယ် ဘယ်လိုရေးလိုက်တယ်..."

မခင်မြင့်သည် ခြင်ထောင်တိုင်ပြန်မှီပြီး–

"ကျွန်မက ဒီလိုရေးလိုက်တယ်... ရှင့်ကို အခုလိုတွေ့ရအောင် ချိန်းဖို့ဖြစ်လာတာဟာ ရှင်ကံကောင်းလို့...ကျွန်မနဲ့ အတူအိပ်တဲ့ ညီမလေးနဲ့ မေမေ ပဲခူးသွားနေလို့... ကိုကိုက နိုက်ဂျူတီသွားရမယ်... အိမ်မှာ ထမင်းချက်တဲ့ အဒေါ်ကြီးနဲ့ ဦးကြီးဘိုးသင်းရယ်၊ ဖေဖေရယ် ဒါပဲရှိတယ်... ထမင်းချက်တဲ့ အဒေါ်ကြီးက ကျွန်မအခန်းနဲ့ယှဉ်နေတဲ့ အခန်းမှာ အိပ်တယ်၊ စကားပြောရင် တိုးတိုးပြောရမယ်...ဒါပါပဲရှင်..."

ထွန်း ။ ။ "ညလာဖို့ အချိန်းအချက်ကို မင်းကပဲ ရေးပေးတယ်မဟုတ်လား"

မြင့် ။ ။ "ဟုတ်ပါတယ်၊ ည ၁၂ နာရီအချိန်မှာ၊ ဟိုခြံထောင့်ကနေပြီး ဆေးလိပ်မီး ဖွာပြရမယ်၊ ကျွန်မကလည်း ပြန်ပြမယ်၊ ဒီတော့ အိမ်ရှေ့ဝင်းတံခါး ကျော်တက်ခဲ့၊ မော်တော်ကားရုံဆီက ကိုမြဟန် အခြေအနေလည်း သတိထား ကြည့်ဦး၊ နို့ပြီး ရေပိုက်ကိုဆွဲတက်ခဲ့...၊ ဒီလိုပါပဲရှင်..."

ထွန်း ။ ။ "သူ့အဝတ်အစားက ဘယ်လို... ဘောင်းဘီရှည်အနက် အင်္ကျီအနက်..."

မြင့် ။ ။ "ဟုတ်ပါတယ်ရှင်၊ တစ်ကိုယ်လုံး မည်းမှောင်နေတာပဲ"

ထွန်း ။ ။ "နို့ပြီး... သက္ကလပ် သံပရာခွံဦးထုပ်နက်ကလေး နဖူး ခပ်အုပ်အုပ် ဆောင်းလိုက်လို့ ပြတင်းပေါက်ရောက်တော့ မင်းက သူ့လက်ကို ဆွဲတင်တယ်..."

mgyoe.com

mgyoe.com


၁၉၃၉-ခုနှစ်၊ ထိုအခါ၌ ယောက်ျားကလေးများ သံပရာခွံဦးထုပ်နက်ကလေးများ ဆောင်းတတ်၏။

မခင်မြင့်သည် ရုတ်တရက် အံ့သြသွားကာ "ဟင်… ရှင်မြင်သလား… ဟုတ်ပါတယ်ရှင်"

ထွန်း ။ ။ (အနည်းငယ်ပြုံး၍) ပြောပါဦး သူ့မှာ လက်ဆွဲအိတ်နဲ့ မဟုတ်လား"

မြင့် ။ ။ "ဟုတ်ပါတယ်"

ထွန်း ။ ။ "အခန်းထဲမှာ မီးလင်းမထားဘူး…"

မြင့် ။ ။ "ဟုတ်တယ်ရှင့်၊ ကျွန်မက မှိန်မှိန်ကလေးထားတာတောင် သူက ငြိမ်းပစ်တယ်"

ထွန်း ။ ။ "စကားပြောတော့လဲ… သူကလေသံနဲ့၊ မပြောချင့်ပြောချင် မင့်အသံကမှ တစ်ချက်ချက် ကျယ်သွားသေး…"

မြင့် ။ ။ (ရှက်ကြောက်လန့်ဖျပ်သွားကာ) ဟင်…ဟုတ်ပါတယ်ရှင် ချောင်းများနားထောင်နေသလား"

ထွန်း ။ ။ (ပြုံး၍) "သူ့အလုပ်အကြောင်းနဲ့ ပတ်သက်ပြီး အထူးအထွေ ပြောသေးသလား"

မြင့် ။ ။ "မပြောပါဘူးရှင်၊ ကျွန်မက မေးတာ ကောင်းကောင်း မပြောချင်ဘူး"

ထွန်း ။ ။ "မင်းတို့နှစ်ယောက် ပူးပူးကပ်ကပ်နေကြတော့ သူ့ပါးစပ်က အရက်စော်လိုလို မနံဘူးလား"

မြင့် ။ ။ (ရှက်ကြောက်ဟန်နှင့်) မနံပါဘူးရှင်၊ သူ ဒါမျိုးဘယ်တော့မှ မသောက်တတ်ပါဘူး…"

ထွန်း ။ ။ (ရုတ်တရက်ဖြတ်၍) "ဟင်… ဒါဖြင့် မင်းတို့နှစ်ယောက် သစ္စာရေ သောက်ကြသေးသပေါ့"

မြင့် ။ ။ (အံ့သြလန့်ဖျပ်သွားကာ) "ဟင်… ရှင်သိနေတာပဲ"

ထွန်း ။ ။ သူက ထည့်ပေးပြီး မင်းကို အရင်သောက်ခိုင်းတယ် မဟုတ်လား။

မခင်မြင့်က ခေါင်းညိတ်ပြ၏။

ထွန်း ။ ။ "အဲဒီတစ်ခါထည့်ကို မင်းချည်း အကုန်သောက်ရတယ် မဟုတ်လား"

mgyoe.com

mgyoe.com


မြင့် ။ ။ ဟုတ်ပါတယ်ရှင်၊ ကျွန်မက တစ်ဝက်ချန်ထားတာတောင် သူက အကုန်သောက်ရမတဲ့၊ ယောကျ်ားဖို့တစ်မျိုး၊ မိန်းမနဲ့မတူဘူးဆိုပြီး နောက် သူ့ဟာသူ သစ္စာဆိုသောက်ပါတယ်''

ကိုတောက်ထွန်းသည် တွက်ချေကိုက်သော အမူအရာဖြင့်-

''အင်း... ဟုတ်ကပြီ၊ တော်တော်ကြာတော့ မင်း...ဇက်တွေ ဘာတွေ လေးလံလာပြီး အိပ်ပျော်သွားရော၊ သုံးနာရီခွဲလောက်ကြမှ သူကနှိုးလို့ မင်းနိုးတယ် မဟုတ်လား... အိပ်ရာကနိုးနိုးချင်း၊ ဦးဘိုးသင်းက 'ဟဲ့ ဘာသံလဲ'လို့ မေးသံ ကြားတော့ မင်းက မင်းအခန်းဆီမလာအောင် ကာကွယ်တဲ့သဘောနဲ့ ''ကျွန်မ ပြတင်းပေါက်ဖွင့်ပြီး ခုနစ်စဥ်ကြယ် ကြည့်တာပါ'လို့ ရမ်းသန်းပြောလိုက်တယ် မဟုတ်လား''

မခင်မြင့်သည် ရှက်ကြောက်သော အမူအရာနှင့် ခေါင်းညိတ်ပြ၏။

ထွန်း ။ ။ ''နောက် ဦးဘိုးသင်း အိပ်ရာထဲပြန်ဝင်ပုံပေါ်မှ သူပြန်ရော မဟုတ်လား''

မြင့် ။ ။ ''ဟုတ်ပါတယ်''

ထွန်း ။ ။ ''မင်းက ချိန်းလိုက်တဲ့စာ၊ မနက်ပိုင်းထည့်ပြီးတော့ ညနေ သူ့ဆီက ပြန်စာရသေးတယ် မဟုတ်လား၊ အဲဒီစာ ပြစမ်းပါ''

မခင်မြင့်သည် သူ၏သေတ္တာကို သွား၍ဖွင့်ပြီး စာအိတ်တစ်လုံးယူလာ ကာ ကိုတောက်ထွန်းကိုပေး၏။

ကိုတောက်ထွန်းသည် စာကို ဖြန့်ဖတ်ရင်း...

''လက်နှိပ်စက်နဲ့ ရိုက်ထားတာပါကလား...''

မြင့် ။ ။ ''ဟုတ်ကဲ့ရှင့်... ခါတိုင်းတော့ သူလက်နဲ့ရေးတာချည်းပဲ''

ထွန်း ။ ။ ''မင်းကို အားကျလို့ ဆိုပါလား၊ မင်းက လက်နှိပ်စက်နဲ့ ရိုက်ပေးနေကျလား''

မြင့် ။ ။ ''ဟုတ်ပါတယ်၊အိမ်မှာ လက်နှိပ်စက်ရှိနေတော့ သင်ရင်းနဲ့''

ထွန်း ။ ။ (စာကို သေသေချာချာဖတ်ပြီး) ''ကိုယ်တို့လူက အတော့်ကို သေသေချာချာ စိစိစပ်စပ်လုပ်တာ'' ဟု ကျွန်တော်တို့ဘက်သို့ လှည့်၍ပြော၏။

ကိုကျော်ဇောက ''မှန်း... ဘယ်လိုလဲဗျာ''ဟု ဆို၍ စာကိုယူဖတ်သဖြင့် ကျွန်တော်ပါ ကြည့်လိုက်ရ၏။

စာ၏ လိုရင်းအဓိပ္ပာယ်မှာ ဤသို့တွေ့ရန် ချိန်းဆိုသည့်အတွက် များစွာ

mgyoe.com

mgyoe.com


ဝမ်းသာလှကြောင်း၊ ည၊ မပျက်မကွက်လာမည်ဖြစ်၍ ဆက်ဆက်မျှော်နေပါမည့်အကြောင်း၊ ထိုည ၉နာရီ ရထားနှင့် ပြည်ကို သွားရန်မှာလည်း နံနက် ၈နာရီ ရထားနှင့်မှ သွားတော့မည်ဖြစ်ကြောင်း၊ အထူးသဖြင့် ခါတိုင်း လက်နှင့်ရေးနေကျစာကို ယခု လက်နှိပ်စက်နှင့်ရိုက်ခြင်းမှာ ချိန်းဆိုသောစာကိုရရှိသဖြင့် ဝမ်းသာလွန်းလှစွာ မခင်မြင့်ကို အားကျမိသောကြောင့် ဖြစ်ကြောင်းတို့ကို အကျယ်ချဲ့၍ရေးထားပေ၏။

ကိုတောက်ထွန်းသည် စာကိုပြန်ယူပြီး "ဒီစာကို ခေတ္တယူထားပါရစေ‥ သူ့ဓာတ်ပုံရှိရင်လည်း ခဏပြစမ်းပါ"

မခင်မြင့်သည် သူ့သေတ္တာထဲမှ ဓာတ်ပုံတစ်ခုကို ထုတ်ပေး၏။ ဓာတ်ပုံမှာ ဖလက်မပို့စကတ်ဖြစ်၍၊ အပေါ်အင်္ကျီနက်ဖြင့် ကိုယ်တစ်ပိုင်းရိုက်ထား၏။ မျက်နှာသွယ်သွယ်၊ နှာတံပေါ်ပေါ်၊ မျက်ခုံးမွေးသေးသေး၊ မျက်လုံးပြူးပြူး၊ မောက်ဝိုင်းဝိုင်း၊ နှုတ်ခမ်းကလေး မစိ,တစိနှင့် လူချောကလေး တစ်ယောက်ဖြစ်ပေ၏။

ကိုတောက်ထွန်းသည် ဓာတ်ပုံကို သေသေချာချာ ကြည့်ရှုပြီး "ဒီလိုရုပ်မျိုးက လူသတ်ဖို့ မပြောနဲ့ လူတစ်ယောက်ကို လက်သီးနဲ့ထိုးဖို့တောင် အတော်ခဲယဉ်းတယ်"ဟု ဆိုကာ ဓာတ်ပုံကို ပြန်ပေးရင်း-

"သူ့လက်ရေးနဲ့ ရေးထားတဲ့ စာတစ်စောင်လောက် ပြစမ်းပါ"

မခင်မြင့်သည် စာတစ်စောင်ထုတ်ပေး၏။

ကိုတောက်ထွန်းသည် စာကို သေသေချာချာ ဖြန့်၍ကြည့်၏။ စာလုံးကလေးများမှာ ဝန်းဝိုင်းသေးငယ်၍ ချောင်းငင်၊ ယရစ်၊ ယပင်း၊ အသတ်တို့မှာ များစွာညီညာရှင်းလင်းခြင်းရှိ၏။ အစမှ အဆုံးတိုင်လည်း လက်ရေးပုံသဏ္ဌာန်မှာ တညီတညွတ်တည်း နေ၏။

ထွန်း ။ ။ "လူတစ်ယောက်ရဲ့လက်ရေးကို ကြည့်တတ်ရင် သူ့ရဲ့စိတ်နေသဘောထားကို သိနိုင်တာပဲ၊ အခု သူ၏လက်ရေးကို ကြည့်ခြင်းအားဖြင့် စိတ်ရှည်မယ်၊ သဘောကောင်းမယ်၊ တစ်ခုခုကိုစွဲမြဲတတ်မယ်ဆိုတာကို သိနိုင်တယ်"

မခင်မြင့်က ထောက်၍ "ဟုတ်ပါတယ်ရှင်‥‥ အင်မတန် စိတ်ရှည်ပြီး သဘောကောင်းတဲ့လူပါ"

ထွန်း ။ ။ (စာကိုပြန်ပေးပြီး) "ဒါထက် မိန်းကလေးရဲ့‥‥ မင့်ဆီကို သူလာတော့ ဓားတို့ဘာတို့ အိတ်ထဲမှာ ပါမလားဘူးလား"

မြင့် ။ ။ "မပါပါဘူးရှင်၊ သူ့ဒါမျိုး ဘယ်တော့မှမဆောင်တတ်ပါဘူး၊ ခါးတွေ အိတ်တွေစမ်းကြည့်ပါတယ်၊ ဖလေဇာအိတ်ထဲမှာ လက်ကိုင်ပဝါကြီး

mgyoe.com

mgyoe.com

တစ်ခု၊ တစ်ဖက်မှာ ဓာတ်မီးခြစ်နဲ့ စီးကရက်ဘူး၊ နို့ပြီး… အတွင်းအိတ်ထဲမှာ ရေမွှေးပုလင်းတစ်ခု ရှပ်အင်္ကျီအိတ်ထဲမှာ လက်ကိုင်ပဝါတစ်ထည်၊ ဒါတွေပဲ စမ်းတွေ့ပါတယ်''

ထွန်း ။ ။ ''နို့… ဘယ်ရထားနဲ့မှ သူ ပြည်သွားတော့မတွဲလဲ''

မြင့် ။ ။ ''စာထဲမှာပါတဲ့အတိုင်းပဲ၊ မနက် ၈နာရီမှသွားမတဲ့၊ အခု မနက် လေးနာရီလောက်မှပြန်ရလို့ ကျွန်မက ၈နာရီရထားနဲ့ သွားနိုင်ပါတော့ မလား မေးတော့ မသွားနိုင်လည်း နေ့ ၁၂နာရီခွဲနဲ့မှ သွားတော့မယ် ပြောတာပဲ၊ အဲဒါကို သူ့လည်း ပြောပြီးပါပြီ'' ဟု ကိုကျော်ဇောကို မျက်စိစွေ၍ ကြည့်ရင်း ပြော၏။

ဇော ။ ။ ''ကျွန်တော်လည်း ဒီကပြန်မှ သွားဖမ်းမလို့''

ထွန်း ။ ။ ''အို… ခင်ဗျားက ခုထက်ထိ ဒီသူငယ် ဖမ်းမယ်ကြံတုန်း ပဲလား''

ဇော ။ ။ ''သူ့မဖမ်း ဘယ်သူ့ဖမ်းရမလဲ၊ သူ မဟုတ်ဘူးလားလို့''

ထွန်း ။ ။ ''မဟုတ်ဘူးဗျ၊ လာ… ဟိုဘက်ခန်းကို၊ ခင်ဗျာ့ သေသေ ချာချာရှင်းပြမယ်''ဟုဆိုကာ အခန်းပြင်သို့ ရှေ့မှထွက်သွားလေ၏။

ကျွန်တော်နှင့် ကိုကျော်ဇောလည်း နောက်မှလိုက်သွားကာ ကိုကျော်ဇောက ပျာယီးပျာယာနှင့်–

''သူ မဟုတ်ဘူးလားဗျ၊ သူ့ရည်းစားဆီလာတာ''

ထွန်း ။ ။ ''မဟုတ်ဘူးဗျ၊ မိန်းကလေး စိတ်မကောင်းဖြစ်မှာစိုးလို့ ကျုပ် ပြောမပြတာ၊ တခြားတစ်ယောက်ဗျ''

ကိုကျော်ဇောသည် စိတ်ပျက်စွာ ခေါင်းကို ကုတ်ရင်း–

''ဟင်… လုပ်ကပြီ ခင်ဗျားကဖြင့် ကြဲကြဲဖန်ဖန်''

ထွန်း ။ ။ ကြဲကြဲဖန်ဖန်လုပ်မနေနဲ့၊ လာ ဒီအခန်းထဲကို ခင်ဗျာ့ ရှင်းပြ ဦးမယ်''

❁

mgyoe.com

## ကိုတောက်ထွန်း၏ စူးစမ်းဆင်ခြင်ယူဆချက်များ

ကျွန်တော်တို့ သုံးယောက်သည် လူသေ၏နံဘေး၌ တစ်ဖန်မတ်တတ် ရပ်မိကြပြန်လေ၏။ ကိုတောက်ထွန်းသည် အထူးသဖြင့် ပြူးလန်နေသော လူသေ၏မျက်လုံးကြီးတို့ကို သေချာစွာကြည့်ရှုရင်း စဉ်းစားဟန်ပြု၏။ တစ်ဖန် လက်မောင်းရှိ မဲးထိုးရာကလေးကို ငုံ့၍ ကြည့်၏။ လူသေ၏ ဝမ်းဗိုက်ကို စမ်းသပ်ပြီးနောက် ကျေနပ်ဟန်ဖြင့်။

ထွန်း ။ ။ "ကိုကျော်ဇော ဒီလူ ရင်ခွဲလို့ သေတယ်မှတ်သလား"

ဇော ။ ။ "အို… ရင်ခွဲလို့မသေရင် ဒီလက်မောင်းက မဲးထိုးရာကလေး ကြောင့် သေတာလား"

ထွန်း ။ ။ "ဘယ်ဟုတ်မလဲဗျ၊ ခင်ဗျား ပုဆိုးလှန်ကြည့်စမ်း"

ဇော ။ ။ (ကိုတောက်ထွန်းကို အံ့သြသလို ပြန်ကြည့်ရင်း) "အို ခင်ဗျားကလည်း မနောက်စမ်းပါနဲ့"

ထွန်း ။ ။ (မျက်နှာတည်တည်ဖြင့်) "ဘယ်ကလာ နောက်တာဟုတ် ရမလဲဗျ၊ ခင်ဗျား တကယ်လှန်ကြည့်စမ်းပါ"

ကိုကျော်ဇောသည် ကိုတောက်ထွန်း၏ မျက်နှာကို မချင့်မရဲကြည့်ပြီး "ကတ်သီးကတ်သပ်ဗျာ"ဟုဆိုရင်း အကယ်ပင် ပုဆိုးကိုလှန်မ,လိုက်ရာ "ဟာ ဘယ့်နဲ့ဟာကြီးလဲဗျာ"ဟု လန့်သလို အော်လိုက်လေ၏။

ကျွန်တော်သေချာစွာ ကြည့်ရှုလိုက်ရာ ကပ်ပယ်အိတ်ကြီးမှာ လက်သီးဆုပ် နှစ်ခု ပူးဆိုင်ထားသလောက် ကြီးမား ဖူးယောင်နီရဲနေ၏။ အထူးသဖြင့် သင်းပြီးစ နွားသိုးကဲ့သို့ တင်းမာ ပြောင်လက်နေ၏။

mgyoe.com

mgyoe.com


ထွန်း ။ ။(ရယ်မောရင်း) "ဘာလဲဆိုတာ သိရအောင်... ကဲ... ကိုကျော်ဇော သေသေချာချာ ကိုင်ကြည့်စမ်းဗျာ"

ဇော ။ ။(ရွှံ့မဲ့ကာ) "အို...ရွံစရာကြီးဗျာ... ခင်ဗျားပဲကိုင်ကြည့်"

ကိုတောက်ထွန်းသည် အင်္ကျီအိတ်ထဲမှ အသင့်ပါလာသော လက်စွပ်အိတ်တို့ကိုစွပ်ကာ မရွံ့မရှာ သေချာစွာ ကိုင်တွယ်စမ်းသပ်ကြည့်လေ၏။

ထွန်း ။ ။"ဥကလေးတွေ မရှိတော့ဘူးဗျ၊ ကျကျနန စိတ်ရှိလက်ရှိ ထုသွားတာ၊ ဟောဒီမှာကြည့်စမ်း... အောက်ကို ခုတုံးခံပြီးထုတာ"ဟု ဆိုကာ ကပ်ပယ်အိတ်ကိုမ,ပြီး သုံးလက်မပတ်လည်ခန့် လေးထောင့်ရာ အခွက်ကလေးကို ညွှန်ပြ၏။ ဆက်လက်၍ "အပေါ်ကထုတဲ့အရာကလည်း အတော် အားကောင်းပုံပေါ်တယ်"

ကိုကျော်ဇောက "ဩော်...ဒီလိုနဲ့ တူတယ်ဗျို့၊ ဟောဒီ ဦးဘိုးခက တော်တော် မိန်းမလိုက်စားခဲ့တဲ့လူ ဖြစ်ရမယ်... ဒီတော့ သူက ဟောဒီ သတ်သွားတဲ့လူနဲ့ ရင်းရင်းနှီးနှီးထဲက မိန်းမတစ်ယောက်ကို ကျူးလွန်လာလိမ့်မယ်။ ဒီတော့မှ ဒီလူကြီး လက်စားချေမယ်ဆိုပြီး သမီးလည်း အရချိူင်၊ ဖအေလည်း ဒီလောက်စော်ကားတဲ့ဟာဆိုပြီး အဲဒီလို ထုသတ်တာဗျ၊ အစစ်ပဲ" ဟု အတော် ကျေနပ်ဟန်ဖြင့် ပြောလိုက်၏။

ထွန်း ။ ။(ပြုံးလျက်) "အတော် စိတ်ကူးထက်တဲ့လူဗျို့၊ အနို့... လက်မောင်းက မားထိုးရာကလေးနဲ့ ရင်ဘတ်ခွဲထားတာကကော"

ဇော ။ ။"အို...ဒါတွေက စိတ်မကျေပွဲ နောက်ဆက်တွဲ ထပ်တွယ်တာပေါ့ဗျာ"

ထွန်း ။ ။"ဟုတ်ပါလိမ့်မယ် ခင်ဗျားပြောတာ၊ ထုတာမှ ဟောဒီ မိုက်ပေါ်ကခွထိုင်ပြီး ကျကျနနကို ထုတာဗျ၊ ဟောဒီမှာ ကြည့်ပါလား၊ သူခွထိုင်ထားတဲ့ ခြေရာတွေ" ခါးနံဘေးတစ်ဖက်တစ်ချက်ကို ညွှန်ပြ၏။

"သူထိုင်ထုရင်းပဲ ဦးဘိုးခမျက်နှာကို နောက်ပြန် လှည့်လှည့်ကြည့်သေးတယ်ဗျ၊ ကြည့်ပါလား... သူနောက်ပြန်,ပြန်လှည့်တော့ ခြေရာတွေစောင်းစောင်းနေတာ"

ကျွန်တော်တို့ပါ သူပြသည်ကို ငုံ့ကြည့်ကြ၏။ သွေးနှံ့ ညီစိုစိုကြီးမှာ အော်ဂလီဆန်၍လာကာ ရွံ့ဖွယ်လိလိဖြစ်ဘိ၏။

အားလုံးစစ်ဆေးကြည့်ရှုပြီးနောက် ပါးစပ်တွင်အုပ်ထားသော အဝတ်နက်

mgyoe.com

mgyoe.com


ကိုဖြေ၍ သက္ကလပ်စကို ဆွဲနှုတ်လိုက်၏။ အဝတ်နက်ကို ဖြန့်ကြည့်လိုက်ရာ မျက်စိပေါက်များနှင့် မျက်နှာတစ်ခုလုံးကို ဖုံးနိုင်သော မျက်နှာဖုံးဖြစ်နေသည်ကို တွေ့ရ၏။

ထွန်း ။ ။ "အောင်မယ်…ကိုယ့်တို့လူက လူနိုးရင် လိုလိုမယ်မယ်သုံးဖို့ မျက်နှာဖုံးနဲ့ပါလား၊ မခင်မြင့် သူ့ဖလေဇာအိတ်ထဲမှာ လက်ကိုင်ပဝါကြီးကြီး စမ်းတွေ့တယ်ဆိုတာ ဒါနဲ့ပဲတူတယ်"

ကိုကျော်ဇောက သေသေချာချာကြည့်ပြီး "သူ့ဟာက ချုပ်ရိုးတွေ အသစ်ကြီးရှိသေးတယ်၊ လုပ်တာ မကြာသေးဘူး ထင်တယ်ဗျ"

ထွန်း ။ ။ "လုပ်ပြီး မသုံးဘဲထားလည်း သစ်နေတာပေါ့ဗျ"

ထို့နောက် တုပ်နှောင်ထားသော ကြိုးများကိုဖြေ၍ လူသေကို ကြည့်ရှု ကောင်းအောင် ပြုပြင်ထားလိုက်ကြလေ၏။ အနီးရှိ စာကြည့်မီးအိမ် မှိန်မှိန် ကလေးကိုလည်း ငြိမ်းပစ်လိုက်၏။

ထွန်း ။ ။ "ကျုပ်တို့လူကဖြင့် ကျကျနန သေသေချာချာကို လုပ်တဲ့ လူဗျ၊ သတ္တိလည်း တကယ်ကောင်းတယ်၊ သူ အစဦး အခန်းထဲ ရောက်ရောက် ချင်း အိပ်ပျော်နေတဲ့ ဦးဘိုးခကို မေ့ဆေးပေးတယ်၊ ဟော ဒီမီးအိမ်ကလေးက လည်း မြင်သာရုံလင်းနေတယ်ဗျ၊ နောက်ပြီးမှ ပါးစပ်ထဲကို စားပွဲခင်းကလေးနဲ့ဆို့၊ အသက်ရှူနိုင်အောင် နှာခေါင်းပေါက်ချန်ပြီး သူ့မျက်နှာဖုံးနဲ့ အုပ်စည်း၊ ခြေတွေ လက်တွေကို ကြိုးနဲ့တုပ်၊ ခုတင်တိုင်နဲ့ ကားကြက်ချည်၊ မေ့ဆေးငွေ့ ပြေအောင်လုပ်၊ ပြီးတော့မှ သူ ဘယ်သူလဲဆိုတာ ဦးဘိုးခကိုပြ၊ သူ့ရည်ရွယ်ချက်ကို နားလည် အောင် ပြောပြီး မတွန့်မလှုပ်နိုင်အောင် ဗိုက်ပေါ်ထိုင် ခုတုံးခံပြီး မ,အားကို ထုသတ်တာဗျ"

"သူ့စိတ်ထဲမှာ အသေသတ်ရုံတင် မဟုတ်ဘူး၊ ကျကျနန ဝေဒနာခံစား စေချင်တဲ့ အာသီသလည်း ရှိတယ်ဗျ၊ ဒီတော့ ဦးဘိုးခမှာ သတိလည်းရနေတယ်၊ မျက်စိကလည်း မြင်နေတယ်၊ သူပြောတာတွေလည်း ကြားနေရတယ်၊ ဒါပေမဲ့ ရုန်းလည်း မရုန်းနိုင်၊ အော်လည်း မအော်နိုင်နဲ့ ဘယ်လောက်များ အခံရခက် မလဲဆိုတာ ခင်ဗျားတို့ပဲ စဉ်းစားကြည့်ပေတော့"

ကျွန်တော်မှာ သူပြောသည်ကို ကြားရရုံနှင့်ပင် ကြက်သီးမွေးညင်း ထမိ ပါ၏။ နောက်တစ်ဖန် ကိုတောက်ထွန်းက ဆက်၍….

"ဩော်… လက်မောင်းက မှဲ့ထိုးရာကလေးက အဲဒီလို မထုခင်၊

mgyoe.com

mgyoe.com


ပြီး,မပြီး စမ်းကြည့်တာနဲ့တူတယ်ဗျ၊ ဦးဘိုးခက ဟိုတုန်းက အပြီး,အစီးရှိဟန် တူပါရဲ့၊ သူတို့ ပေါင်းတည်နယ်သားတွေဟာ ဟိုတုန်းက ဒီလို အပြီး,အစီးတွေ ဆောင်ပြီး အတော်သတ္တိပြောင်ခဲ့တဲ့ လူတွေပေါ့''

ကျွန်တော်ကဖြတ်၍ ''နေပါဦး ကိုတောက်ထွန်းရဲ့ မ,အား ထုသတ်တယ် ဆိုတာ ပြီးတဲ့လူမှ မဟုတ်လား၊ အခုတော့ စမ်းကြည့်လို့ မပြီးမှန်းသိသားနဲ့..''

ထွန်း ။ ။ ''ဒါက သူကလဲ့စားချေတာဗျ၊ ဟိုနံရံမှာရေးခဲ့တာ အမှန်ပဲ၊ သူ ကလဲ့စားချေရတာကလည်း ရိုးရိုးသတ်ရုံတင် မဟုတ်ဘူး၊ မ,အားထုပြီးမှ ရင်ခွဲရသေးတယ်၊ ရင်ခွဲတာလည်း ရိုးရိုးမဟုတ်ဘူး၊ လည်ချောင်းပါ ခွဲရတယ်၊ သူ့လုပ်ပုံက အတော်လေးဆန်းသလိုပဲ၊ နို့ပြီး တော်တော်လည်း ဉာဏ်ရှိတယ်၊ သူ့ဆီမလိုက်နိုင်အောင် ခြေရာလက်ရာတွေလည်း ဖျောက်ခဲ့တယ်...''

ကိုကျော်ဇောက ဖြတ်၍ ''အမယ်လေး... ကိုယ့်ဆရာနှယ်... ဒါများ ခြေရာဖျောက်ခဲ့သေးသလား၊ ဒီအခန်းထဲက ခြေရာတွေနဲ့ သူရည်းစားအခန်းသွားတဲ့ ခြေရာတွေက တန်းလို့...'

ထွန်း ။ ။ ''ကိုယ့်လူကဖြင့် မခင်မြင့်ရည်းစား မောင်စိုးနဲ့ကိုချည်း စွပ်စွဲနေတာပဲ သူမဟုတ်ဘူးဗျ၊ ခင်ဗျား စဉ်းစားကြည့်ပါဦး လူနဲ့မတော်တဲ့ ဖိနပ်ကြီးစီးလာတာရယ်... လက်စွပ်အိတ်သုံးတာရယ်၊ ဘာလုပ်ဖို့လဲ...''

ဇော ။ ။ ''အို... ဒါက နဂိုခြေရာ၊ လက်ရာတွေ မရအောင်ပေါ့ဗျ''

ထွန်း ။ ။ ''ကဲဒါဖြင့် မခင်မြင့်ဘက်ကနေ စဉ်းစားကြည့်ပါဦး၊ ဖအေ တစ်ယောက်လုံး အသတ်ခံနေရပြီဟာ၊ ညက သူ့ရည်းစားလာတယ် စကားပြော ရင်းနဲ့ အိပ်ပျော်သွားတယ်၊ အိမ်ပေါ်မှာ လေးနာရီလောက် ကြာသွားတယ်၊ ဖွင့် မပြောဘဲ နေမလားလို့...''

ကျွန်တော်။ ။ ''အို...ပြောမှာပေါ့ဗျ၊ ဖအေတစ်ယောက်လုံး အသတ် ခံနေရမှဟာ ရည်းစားမကလို့ လင်မယားဖြစ်ဖြစ်''

ထွန်း ။ ။ ''ကဲ...ဒါဖြင့် ဖိနပ်ကြီး စီးလာပြီး လက်စွပ်အိပ် သုံးပေမယ့် လုံပါဦးမလားလို့ ကိုကျော်ဇောရဲ့၊ မိန်းကလေးက ခင်ဗျားမေးတော့ ပြောသလို ဖွင့်ပြောနေမှဟာ...''

ဇော ။ ။ ''အို...ဒါလောက် စဉ်းစားဉာဏ် သူရှိချင်မှရှိမှာ...''

ထွန်း ။ ။ ''အမယ်... သတ်တဲ့လူလားဗျာ... ရှိပြီလား၊ ရှိတယ်မှ ပိုတောင်နေသေးတယ်၊ ဟော့ ဟိုနံရံမှာ ရေးခဲ့တဲ့စာကို ကြည့်စမ်းပါ...''

mgyoe.com

mgyoe.com


ကျွန်တော်တို့ လှည့်၍ ကြည့်ကြ၏။ ကိုတောက်ထွန်းက ဆက်လက်၍ "လူတစ်ယောက်ဟာ နံရံတို့ ဘလက်ဘုတ်တို့မှာ နဂိုသဘာဝအတိုင်း စာရေးရင် ဘယ်လောက်အမြင့်မှာ ရေးတတ်သလဲ"

ဇော ။ ။ "သူ့မျက်စိနဲ့ တညီတည်းနေရာမှာ ရေးတတ်တယ်လေ၊ အခုလဲ သူ့မျက်စိနဲ့ တညီတည်းနေရာမှာ ရေးတာဖြစ်မှာပေါ့၊ ခြေရာအကြီးကြီးပဲ၊ ရောမလူကြီး ဖြစ်မှာပေါ့..."

ထွန်း ။ ။ "အို...ဒါကတော့ ခင်ဗျား ကပ်ပြောနေတာ၊ ကျုပ်လက် တစ်လှမ်းလောက်နီးနီးမြင့်နေတာ၊ သူ့မျက်စိသာ ဒီလောက်မြင့်နေရင် သူ့အရပ်ဟာ ၇-ပေ ကျော်နေမှာပေါ့၊ နို့ပြီး ခြေရာကြီးတာကလည်း နဂိုခြေရာ မဟုတ်ကြောင်းကို ပြောခဲ့ပြီမဟုတ်လား၊ တကယ်ကြီးတယ် ထားဦး၊ သူ့ခြေလှမ်းအကျဲနဲ့ တွက်ကြည့်စမ်း၊ အချိုး ကျရဲ့လားလို့၊ နို့ပြီး ဒီလောက်ကြီးတဲ့ လူစားနဲ့ ကော... မခင်မြင့်က ကြိုက်ပါ့မလား..."

ကျွန်တော်ကပင် "ဟုတ်သားပဲ ကိုကျော်ဇောနယ်... မခင်မြင့်က ပုပု ဝိုက်ဝိုက် ကလေးရယ်..."

ထွန်း ။ ။ "အလကားဗျ၊ နဂိုအတိုင်း နံရံတို့ ဘလက်ဘုတ်တို့ မှာစာရေးရင် အရပ်ကို ခန့်မှန်းရတယ် ဆိုတာသိလို့ တမင်မြှင့်ရေးသွားတာ၊ ခုကာလ စုံထောက်ဝတ္ထုရေး ဆရာတွေကလည်း ဒါမျိုးတွေ ထည့်ထည့်ရေးနေကြတယ်၊ နို့ပြီး သူစာရေးသွားတာကလည်း ဘယ်လက်နဲ့ဗျ"

ကျွန်တော်။ ။ "ဘယ်လက်လို့ ဘာကြောင့်ဆိုနိုင်သလဲ၊ ဒီလက်ရေး အကောင်းသားနဲ့၊ ဘယ်သန်ဖြစ်မှပဲ..."

ထွန်း ။ ။ "ဘယ်သန် မဟုတ်ပါဘူး၊ သူ ခွဲတာစိတ်တာတွေဟာ ညာလက်နဲ့ချည်းပဲ၊ ဘယ်လက်က မအားပေမယ့် နံရံတို့ဘာတို့မှာ လှမ်းပြီး ရေးလိုက်ရင် စာတိုတိုတော့ ကြည့်ရှုကောင်းတာပေါ့...။ ရှည်ရှည်သာ မကောင်းတယ်"

ကျွန်တော်။ ။ "အနို့ ဘယ်နဲ့ရေးတာ...ဘာကြောင့်သိနိုင်သလဲ"

ထွန်း။ ။ "ခင်ဗျား သူ့စာတန်းကိုကြည့်စမ်း ညီရဲ့လား၊ ဘယ်ဘက် နိမ့်ဆင်းနေသလဲ"

သူပြောမှပင် စာတန်းကို သေချာစွာ ဂရုစိုက်၍ ကြည့်မိပါတော့၏။ စာတန်းမှာမညီ၊ လက်ဝဲဘက်က မြင့်၍ လက်ယာဘက်သို့ နိမ့်ဆင်းနေပါ၏။

mgyoe.com

mgyoe.com


ကျွန်တော်။ ။ "မညီဘူးဗျ… ညာဘက်ကို နိမ့်ဆင်းနေတယ်"

ထွန်း။ ။ "အဲဒါ ဘယ်လက်နဲ့ ရေးလို့ဗျ၊ ညာလက်နဲ့ရေးရင်း ညာဘက်ကမြင့်တက်နေပြီး ဘယ်ဘက်ကိုနိမ့်ဆင်းနေရမယ်၊ မယုံရင် ခင်ဗျား နံရံမှာရေးကြည့်စမ်း…၊ မျဉ်းကြောင်းနဲ့ ရေးတာရယ်၊ လက်ရေးဖြူးနေတဲ့ ရေးနေကြ ကျောင်းဆရာတွေရယ်ကလွဲလို့ အကျင့်မရှိသေးတဲ့လူရေးရင် ဘယ်တော့မှ မဖြောင့်နိုင်ဘူး၊ ညာနဲ့ရေးရင် ဘယ်ဘက်နိမ့်ဆင်းရမယ်၊ ဘယ်လက်နဲ့ရေးရင် ညာဘက်နိမ့်ဆင်းသွားရမယ်…။ အခု သူရေးတဲ့စာတန်းကို ကြည့်စမ်း Want Nothing ဘာမျှအလိုမရှိဘူးက စရေးတဲ့အတွက် စင်စစ် သူလိုချင်တာ မရသေးဘူးဆိုတဲ့ အဓိပ္ပာယ် ရောက်နေတယ်။ ဘာပြုလို့လဲဆိုတော့ လူဆိုတာ ကိုယ့်ရည်ရွယ်ချက်က စရေးတာမျိုး၊ တကယ်လို့ သူကလဲ့စားချေတာသက်သက်ချည်းဆိုရင် Revenge ဆိုတာ တစ်ခုတည်း ရေးဖို့ရှိတယ်၊ နို့ပြီး ပိုမိုထင်ရှားတာက ဟောဒီမှာ ခြေရာတွေက မီးအာမခံသေတ္တာဆီကိုလည်း ညွှန်ပြတယ်။ သေတ္တာနားမှာလည်း သူ့ခြေရာတွေနဲ့၊ သော့လည်း ခေါင်းအုံးအပြင်ဘက်မှာ တွေ့ရတယ်၊ ကေန် သူဖွင့်ပြီး မွှေနှောက်သွားမှာအမှန်ပဲ၊ ကဲ… မေးရအောင် ကိုစောလွင်၊ ကိုဘခိုင်ကို သွားခေါ်ခဲ့စမ်းပါ"

မကြာမီ ကိုဘခိုင် ရောက်လာ၍ သော့ကိုပေးလေ၏။

ထွန်း ။ ။ "ခင်ဗျားသော့ကို ဘယ်နေရာမှာတွေ့သလဲ"

ခိုင် ။ ။ "ဟော့ဒီ ခေါင်းအုံးအပြင်ဘက်မှာ တွေ့ပါတယ်"

ထွန်း ။ ။ "ကဲ… သေတ္တာကို ဖွင့်ကြည့်စမ်းပါဦး…"

ကိုဘခိုင်သည် သေတ္တာကို ဖွင့်ကြည့်ပြီး "အလို…မွှေနှောက်သွားလိုက်တာ ပွလို့ပါလား၊ စာအိတ်တွေလည်း ဖြတ်ဖြ၊ ဖွင့်တာဖွင့်နဲ့၊ ဟင်… ပုလင်းကလေးတွေလည်း ပွင့်လို့၊ အချို့လည်း စောင်းလဲနေတာပဲ၊ ဓာတ်တော်ထည့်တဲ့ ပုလင်းလေးတွေ ဘာများမှတ်လို့ပါလိမ့်…"

ဇော ။ ။ "စာအိတ်တွေက ဘာစာအိတ်တွေလဲဗျ"

ခိုင် ။ ။ "စာချုပ်စာတန်းတွေနဲ့ သည့်ပြင် အမှတ်အသားစာတွေပေါ့"

ဇော ။ ။ "ဒါလည်း သဲလွန်းစတစ်မျိုးပဲ"

ထွန်း ။ ။ "လက်ဝတ်လက်စားပစ္စည်းတွေ ကြည့်ပါဦး"

ခိုင် ။ ။ "ဟင်…ဒါတွေလည်းပွစိလို့၊ ကျွန်တော် သေသေချာချာ မသိဘူး၊ ဟိုကောင်မလေးကို ခေါ်မေးမှပဲ၊ ဟဲ့… မိခင်မြင့် လာဦး"

mgyoe.com

mgyoe.com


ပုပုံပန်း မခင်မြင့် ရောက်လာ၍ ပစ္စည်းသေတ္တာများကို ဖွင့်ကြည့်ပြီး ''ကျွန်မပဟာတွေတော့ စေ့တယ်၊ ညီမလေးဟာနဲ့ မေမေ့ဟာတွေတော့ မသိဘူး၊ သူတို့လည်း တချို့တစ်ဝက် ဝတ်သွားကြတယ်''

ထွန်း ။ ။ ''ဒါတွေတော့ စေ့ပါလိမ့်မယ်၊ သူလိုချင်တာက ဒါမျိုး မဟုတ်ဘူး''

ဇော ။ ။ ''စာချုပ်စာတမ်းထဲက ထင်တယ်၊ ဒါတွေ ဘယ်နှစ်ခု ရှိသလဲ၊ ဘယ်သင်းပျောက်နေသလဲ၊ ခင်ဗျားသိရဲ့လား''

ခိုင် ။ ။ ''ကျွန်တော်မပြောနဲ့ ကျွန်တော့် မေမေတောင် အကုန် မသိဘူး''

ဇော ။ ။ ''အဲဒါက အရေးကြီးတယ်၊ စုံစမ်းဦးမှပဲ''

ထွန်း ။ ။ ''စုံစမ်းမနေပါနဲ့ဗျာ… သူလိုချင်တာ မရသေးဘူးဗျ''

ဇော ။ ။ ''ခင်ဗျားက သူရေးသွားတဲ့စာ ထောက်ပြီးပြောတာလား၊ ခင်ဗျား အဲလိုတွေးမှာသိလို့ကို တမင်တပတ်ရိုက်တာ ဖြစ်ချင်ဖြစ်မှာ''

ကိုတောက်ထွန်းသည် ကိုကျော်ဇော၏ မျက်နှာကို စေ့စေ့ကြည့်ရင်း

''အောင်မယ်… ဟုတ်ချင်ဟုတ်မယ်ဗျို့၊ ကျုပ်တို့လူက ဉာဏ်အများ သား''

တစ်ဖန် ကိုဘခိုင် ဘက်သို့လှည့်၍ လူသေချည်သော ကြိုးများကို ညွှန်ပြရင်း ''ဒီကြိုးတွေ ခင်ဗျားတို့အိမ်ကလား''

ခိုင် ။ ။ ''မဟုတ်ဘူးဗျ၊ တစ်ခါမှမမြင်မိဘူး၊ ဒါမျိုးသုံးစရာလည်း အိမ်မှာ အကြောင်းမရှိပါဘူး''

ထွန်း ။ ။ ''အို… ကိုယ်တို့လူယူလာရမယ့် ကိရိယာတွေက၊ ဒီကြိုး ခွေရယ်၊ ထုတဲ့တူ၊ အောက်ကခုတဲ့တုံး၊ အခန်းဖောက်တာနဲ့ ရင်ခွဲတဲ့ဓား အရေ တိုက်မေ့ဆေး၊ အငွေ့ရှူမေ့ဆေး၊ ခြောက်မျိုးတောင်ပဲ''

ဇော ။ ။ ''ဒါတွေယူလာရင် ဒီကလေးမ တွေ့ရမှာပေါ့''

ထွန်း ။ ။ ''ကိုယ့်လူကလည်း ညံ့သေးသကိုး၊ ဒါတွေက စောစောက အိမ်ပေါ်ရောက်နေတာဗျ၊ နောက်ဖေးဆောင်တံခါး ဖွင့်ထားတာဟာ ခင်ဗျား ပြောသလို၊ သူ အဲဒီကဝင်လာတယ် ထင်အောင်လို့၊ သို့မဟုတ် လွယ်လွယ်ကူကူ ထွက်ပြေးဖို့ မဟုတ်ဘူးခင်ဗျာ၊ အဲဒါတွေ သွားယူတာ''

ဇော ။ ။ ''အနို့… အဲဒါတွေ ဘယ်မှာဝှက်ခဲ့သလဲ''

mgyoe.com

mgyoe.com


ထွန်း ။ ။ "ဘယ်မှာဝှက်ခဲ့ရမလဲဗျ၊ ဟောဒီ ပြတင်းပေါက်ကနေပြီး အောက်ကိုချလိုက်တယ်၊ ဟော ကြည့်စမ်း မြေကြီးပေါ်မှာတောင် အရာမြင်နိုင်သေးတယ်" အောက်သို့ငုံ့ကြည့်ရင်း "ဦးဘိုးသင်း ကြားတယ်ဆိုတာ… ဒီအသံပေါ့ဗျ၊ သူ့ကို ခေါ်စမ်းပါဦး…"

မကြာမီအသက် (၅၀) ကျော်ခန့်ရှိ ဦးဘိုးသင်း ဆိုသူမှာ ချောက်ချားသောအမူအရာဖြင့် အခန်းထဲသို့ဝင်လာလေ၏။ သူ၏ အသားအရေမှာ ထူပြစ်ရှုံ့တွနေ၍ ကြီးမား ထူထပ်သော မျက်ခုံးမွေး၏ အောက်တွင် မှုန်ထိုင်းထိုင်း မျက်လုံးတို့မှာ ပြူးကျယ်လည်ပတ်နေ၏။

ထွန်း ။ ။ (မျက်နှာကို စေ့စေ့ကြည့်ပြီး) "ခင်ဗျား ဘယ်နေရာမှာ အိပ်သလဲ"

သင်း ။ ။ "ဟိုဘက်က ဘုရားဆောင်ရှိတဲ့ အခန်းထဲမှာ"

ထွန်း ။ ။ "ခင်ဗျား ပထမ အထုပ်တစ်ခု ကျသံကြားတော့ နိုးတယ်ပြောတယ်။ နိုးနိုးချင်း မထဘူးလား"

သင်း ။ ။ "ဟုတ်တယ် မထဘူး… ဦးဆုံးချောင်းပာန့်လိုက်တယ်… နောက် မင်းတုပ်ချသံလိုလိုကြားတော့မှ ဖယောင်းတိုင် ထထွန်းတယ်"

ထွန်း ။ ။ "ခင်ဗျားနဲ့ ဓာတ်မီးခလုတ် မနီးဘူးလား"

သင်း ။ ။ "မနီးဘူး… ကျုပ်က ဆေးလိပ်သိပ်သောက်တဲ့ လူမို့လို့ ဖယောင်းတိုင်နဲ့ မီးခြစ်သာ သုံးတာပဲ"

ထွန်း ။ ။ "ဒါဖြင့် ခင်ဗျားမထခင် အချိန်တော်တော်ကြာသေးတယ်ပေါ့"

သင်း ။ ။ "ဟုတ်တယ်၊ မီးခြစ် စမ်းရတာနဲ့ ဆေးလိပ် ညှိရတာနဲ့၊ ဖယောင်းတိုင်ရှာရတာနဲ့ တော်တော်လေးကြာပါတယ်၊ မီးထွန်းပြီးလို့ထပြီး 'ဟဲ့ ဘာသံလဲ' လို့ မေးလိုက်တော့ မခင်မြင့်က ပြတင်းပေါက်ဖွင့်ပြီး ခုနစ်စဉ်ကြယ်ကြည့်တာပါလို့ ပြောပါတယ်"

ကိုတောက်ထွန်းသည် ကျွန်တော်တို့ဘက်သို့ ပြန်လှည့်၍-

"အင်း… ကိုယ်တို့လူကဖြင့် တော်တော့ကို ရဲရဲရင့်ရင့်နဲ့ စိစိစပ်စပ်လုပ်တဲ့ လူဗျို့၊ လာကြဗျာ… အောက်သွားကြည့်ရအောင်"

ကျွန်တော်တို့သည် အောက်သို့ဆင်းကြ၍ ဦးဘိုးခ အိပ်ခန်း၏ ပြတင်းပေါက်အောက်သို့ သွားရောက်ကြည့်ကြရာ အပေါ်မှ လေးလံသောအရာဝတ္ထုတစ်ခု ချထားသောနေရာကို တွေ့ရပေ၏။

mgyoe.com

mgyoe.com


ကိုတောက်ထွန်းသည် သေချာစွာကြည့်ရှုပြီး "အားလုံးစုပေါင်းပြီး အဝတ်နဲ့ထုပ်၊ သို့မဟုတ် အိတ်တစ်ခုထဲမှာ ထည့်စည်းပြီးချလိုက်တာပဲ၊ ဒီအထုပ်ကို သူ့မိန်းကလေးဆီက လမ်းထွက်ပြန်ချင်ယောင်ဆောင်ပြီး ပြန်ယူတာဖြစ်ရမယ်"

ကျွန်တော်တို့သည် ခြေရာများကို လိုက်၍ ကြည့်ကြသေး၏။ ထို့နောက် မခင်မြင့်၏ အိမ်ခန်းပြတင်းပေါက်အောက်သို့ သွားကြ၏။ တိုက်နံရံဝါဝါတွင် ရေပိုက်၏ နံဘေး၌ ခြေရာများကို မြင်ရ၏။

ကိုတောက်ထွန်းသည် အချို့ခြေရာများ အကွာအဝေးကို ပေကြိုးဖြင့် တိုင်းကြည့်ပြီး "သူ့လက်မောင်းတွေက သူ့ကိုယ်သူ ကောင်းကောင်းသယ်နိုင်တယ်၊ လူကတော့ လူကောင်အလတ်စားထဲက ကိုစောလွင် အရပ်အမောင်းလောက် ရှိရမယ်..."

ကျွန်တော်တို့သည် အိမ်ပေါ်သို့ တက်ကြပြန်သောအခါ နောက်ဖေးဆောင်လှေကားမှ တက်ကြ၏။ ထိုလှေကားမှာ ၁၅ ထစ်ရှိ၍ အိမ်ရှေ့လှေကားမှာ ၁၇ ထစ်ရှိ၏။ နောက်ဖေးလှေကား၏ လှေကားဖုံးမှာ ထူထဲခိုင်မာသော သစ်သား မင်းတုပ်နှစ်ချက်ထိုးဖြစ်၏။

ပွင့်နေသည်ဆိုသော နောက်ဖေးဆောင်ကူး တံခါးမှာ နှစ်ရွက်ဟတ် အထက်အောက် မင်းတုပ်ထိုးဖြစ်၏။ ထိုတံခါးမှ အိမ်ရှေ့ဧည့်ခန်း ဆင်ဝင်ဆောင်သို့ တိုက်ရိုက် ဥဒဟိုမြင်နိုင်၍ တစ်ဖက်တစ်ချက်၌ အထက်မျက်နှာကြက်အထိ နံရံကာရံထားသော အခန်းကြီးနှစ်ခုစီ ရှိနေ၏။

အိမ်ကြီးမှာ ငါးပင်ပတ်လည် အိမ်ရှေ့ဆင်ဝင်ဆောင်နှင့် နောက်ဖေးဆောင် အပိုထုတ်ထား၍ အတော်ကျယ်ဝန်း၏။ အိမ်ရှေ့မှတက်သော လှေကားဆောင် တံခါးပေါက်ဝနှင့် မျက်နှာချင်းဆိုင် ခေါင်းရင်းဘက်တွင် ဘုရားကျောင်းဆောင်ရှိ၏။ အားလုံးသော ပြတင်းပေါက်တို့မှာ သံတံခါးတစ်ထပ်၊ မှန်တံခါးတစ်ထပ်စီ ရှိနေ၏။

ကျွန်တော်တို့သည် အိမ်အခြေအနေကြည့်ရှုရင်း ဧည့်ခန်းသို့ ရောက်ကြသောအခါ ကိုတောက်ထွန်းက မခင်မြင့်ကို ခေါ်ခိုင်းပြန်၏။

ထွန်း ။ ။ (တရှုံ့ရှုံ့ငိုနေသော မခင်မြင့်အား ကြင်နာစွာ ကြည့်ရှုရင်း) "မင့်ကို မေးရတာလဲ အားနာပါပြီကွယ်... တစ်ခုတော့ မေးပါရစေဦး၊ မင့်ကို သူက အလုပ်အကြောင်းနဲ့ ပတ်သက်ပြီး အထူးအထွေ ပြောခဲ့သေးသလား"

မြင့် ။ ။ "မပြောပါဘူးရှင်၊ ကျွန်မက မေးတာတောင်မှ ဟိုအရင် စာတွေထဲ ရေးပေးသလောက်ပါပဲ"

mgyoe.com

mgyoe.com


ထွန်း ။ ။ "ဪ စာတွေထဲမှာ ရေးပေးသလောက်တောင် ပြောနိုင်သလား…"

မြင့် ။ ။ (နားမလည်ဟန်နှင့်) "ဟင်… ဟုတ်ပါတယ်ရှင်"

ထို့နောက် မခင်မြင့်ကို ပြန်လွှတ်လိုက်၏။

ကိုကျော်ဖေမှာ တွေးတောငေးမောနေရာမှ-

"ကျွန်တော်လည်း ကိုတောက်ထွန်း ပြောကာမှ ဦးနှောက် ရှုပ်သွားပြန်ပြီ၊ အစဦး လမ်းတိုတိုနဲ့ ရှင်းရှင်းဖြစ်နေတာ"

ထွန်း ။ ။ "ဒါတော့ ခင်ဗျားတို့ ပုလိပ်အလုပ်က လူတစ်ယောက်ယောက် မြန်မြန်ဖမ်းဖို့လုပ်တာ၊ ကျုပ်အလုပ်ကတော့ အမှုမှန်ဖြစ်ဖို့ လုပ်ရတာပဲ၊ မတူပေဘူးပေါ့…"

ဖေ ။ ။ "ခင်ဗျားပြောတာတွေတော့ သဘောကျပါတယ်၊ ဒါပေမဲ့ ဝတ္ထုရားအတိုင်း မောင်စိုးနွဲ့ကို အရင်ဖမ်းမှပဲ"

ထွန်း ။ ။ "ဟုတ်တယ်လေ ခင်ဗျားတို့အလုပ်က‥ဒီလိုမှ အထက်က သဘောကျတာ၊ ဒါပေမဲ့ မောင်စိုးနွဲ့တော့ ဒီမှာရှိတော့မှာမဟုတ်ဘူး၊ ည ၉ နာရီနဲ့ဖြစ်ဖြစ်၊ မနက် ၈နာရီနဲ့ဖြစ်ဖြစ်၊ ပြည်လိုက်သွားပြီ၊ ည ၉ နာရီနဲ့ ဆိုရင်တော့ ဒီအမှုထဲ ဘယ်နည်းနဲ့မှ မပါနိုင်ဘူး၊ အဲ… ကံဆိုးလို့ မနက် ၈နာရီနဲ့မှ သွားဖြစ်တယ်ဆိုရင်တော့ သူ့ခမျာ အချုပ်ခံရလိမ့်ဦးမယ်ဗျ"

ဖေ ။ ။ "ဘယ်လိုဖြစ်ဖြစ်လေ နောက်မှရောက်ရားပဲ"

ထွန်း ။ ။ "ကဲ… ဒါဖြင့် သူ့အိမ်သွား… လိပ်စာပါ မေးပြီးတော့ ပြည်က ဂါတ်ကို အကြောင်းကြားပေတော့၊ ကျုပ်တို့လည်း မောင်စိုးနွဲ့ကို တွေ့စရာအကြောင်း ရှိသေးတယ်၊ ည ပြည်ရထားဆိုက်ပြီးမှပဲ ဂါတ်ထဲ လာခဲ့တော့မယ်"

ကိုကျော်ဖေသည် သူ၏နောက်လိုက် ပုလိပ်များကိုခေါ်၍ ထွက်သွားလေ၏။ ကိုတောက်ထွန်းသည် လှေကားဝဆီသို့ လျှောက်သွားနေသော ကိုကျော်ဖေ၏ ပြန့်ကျယ် ကားဆန့်သော ကျောပြင်ကြီးကို ကြည့်ရင်း "ဉာဏ်စွမ်းဉာဏ်စ ကလေးတော့ မခေပါဘူး၊ ဒါပေမဲ့ သူတို့ ပုလိပ်အလုပ်က ဖမ်းချင်တာအရင်လိုတာပဲ"

တစ်ဖန် သူ၏ဆေးတံကို ဆေးအသစ်ထည့်၍ မီးညှိပြီး ကျွန်တော်၏ဘက်သို့လှည့်ကာ-

"ကျုပ်တို့လူကဖြင့် အတော့်ကို အကြံဉာဏ် ပိရိစေ့စပ်တဲ့လူဗျ၊ စုံထောက်ကို

mgyoe.com

mgyoe.com


လှည့်စားနည်းတွေ ဘာတွေလဲ တတ်တယ်၊ ကြည့်စမ်း‥ သူ ဖိနပ်ကြိုးစီးလာတာ၊ ထုံးစံအတိုင်းနဲ့ ဆန့်ကျင်ပြီး၊ စာရေးတာကို ဘယ်လက်နဲ့ လက်တစ်လှမ်းလောက် မြင့်တဲ့နေရာမှာ ရေးထားတာ၊ သူ့ရဲ့ နဂိုလက်ရေးနဲ့ အရပ်အမောင်းကို ခန့်မှန်း မသိနိုင်အောင်ဗျ၊ နို့ပြီး‥‥ လက်စွပ်အိတ်ကိုလည်း အသုံးပြုတယ်၊ အဲဒီလို သူ့ရဲ့ ခြေရာလက်ရာ နဂိုလက်ရေးတွေ မသိအောင်လုပ်ခဲ့တဲ့ အလိုထောက်တော့ ဒီလူ ဟာ အနီးအနားထဲကလူ သို့မဟုတ် ဒီအိမ်နဲ့ အကျွမ်းတဝင် ဆက်သွယ်နေတဲ့ လူထဲက ဖြစ်ရမယ်ဗျ‥‥"

ကျွန်တော်က ဖြတ်၍ "နေပါဦး ကိုတောက်ထွန်းရဲ့၊ မခင်မြင့်က လူမှား လက်ခံရအောင်ဆိုတော့၊ ဒီလူက မောင်စိုးနွဲ့နဲ့ ရုပ်တူတန်းတူဖြစ်ရမယ် မဟုတ် လား‥‥ ဒီတော့ သူလက်ရာခြေရာတွေ ဖျောက်ခဲ့တာ အလကား ဖြစ်မနေဘူး လား‥‥"

ထွန်း ။ ။ "မောင်စိုးနွဲ့လောက် ဆိုပေမယ့် ဘယ်အတိအကျ ဟုတ်နိုင် မလဲ၊ မတိမ်းမယိမ်းပေါ့‥‥ ဒီလိုဆိုတော့ သူလက်ရာခြေရာတွေ ဖျောက်ခဲ့တဲ့ အတွက် ပိုမြင့်သလား၊ နိမ့်သလားဆိုတာကို အတိအကျမှန်းဆလို့ မရဘူးပေါ့၊ လူပုံသဏ္ဌာန် အသားအရေချင်းလည်း အတော်ခြားနားလိမ့်မယ်ဗျ၊ ဘာဖြစ်လို့လဲ ဆိုတော့ မီးအိမ်ကလေး မှိန်မှိန်ထားတာတောင် မှတ်ပစ်တာပဲ။ နို့ပြီး အဲဒီညက တော်တော်မိုးမှောင်ကျနေတာ၊ မခင်မြင့်ခမျာမှာ ဆေးလိပ်မီးကလေးနဲ့ အချက် ပြလိုက်ရင် ဘယ်သူမဆို လက်ခံရမယ့်အခြေ ရောက်နေတာ‥‥"

ကျွန်တော်က ထောက်၍ "ကိုတောက်ထွန်းနှယ်‥‥ မခင်မြင့်ကလည်း တစ်ယောက်နှင့်တစ်ယောက် ပူးပူးကပ်ကပ် တွေ့မိကြတာတောင် ကိုယ့်ရည်းစား လား‥‥ သူများလားဆိုတာ ခွဲခြားမသိဘူးတဲ့လား‥‥"

ထွန်း ။ ။ "အဲ့ဒါ ခင်ဗျား မေးမယ်ဆို မေးစရာပဲ၊ သူတို့ဖြစ်ပုံမှာ မသိနိုင်စရာအကြောင်း သုံးချက်ရှိတယ်ဗျ၊ ပထမအချက်က မိန်းကလေး တစ် ယောက်ဟာ ယောကျ်ားလေးတစ်ဦးနဲ့ ပထမဆုံးအကြိမ် ပူးပူးကပ်ကပ် တွေ့ရ တယ်ဆိုရင် ဘယ်လောက်ပဲ ခေတ်ဆန်တယ် မိုလ်ဆန်တယ်၊ သတ္တိကောင်းတယ် ဆိုပေမယ့် ယောကျ်ားလေးရဲ့ အပြုအမူကို အကဲခတ်ခြင်း၊ စူးစမ်းဆင်ခြင်ခြင်း မပြုနိုင်တော့ဘူး၊ ကြောက်ကြောက်ရွံ့ရွံ့၊ ရင်ထဲက တထိတ်ထိတ်နဲ့သာ ပြုသမျှကို ငြင်းဆန်ရင်း လိုက်လျောတော့တာပဲ၊ ဒီလို မိန်းကလေးကိုမဆိုထားနဲ့၊ ယောကျ်ား ရင့်မာနဲ့ လူပျိုပေါက်စကလေးတွေတောင်၊ ခင်ဗျား ကြားဖူးမှာပေါ့၊ မိန်းမပျိုကလေး

mgyoe.com

နေ့ခင်းပြပြီး ညမိန်းမကြီးနဲ့ ခိုးယူခိုင်းတာတွေ…၊ နောက် ဒုတိယ အချက်က မှောင်အတိကျအောင် မီးမှုတ်ထားတာ၊ တတိယအချက်ကတော့ လေသံကလေးနဲ့ စကားပြောတာ၊ လူတစ်ဦးနဲ့တစ်ဦး အသံချင်း ဘယ်တော့မှမတူဘူး ဆိုပေမယ့် လို့ လေသံချင်းကြတော့ ခွဲခြားမရဘူး၊ လေသံဟာ လေသံဗျ၊ နဂိုအသံ မဟုတ်ဘူး"

"အခုလူကတော့ အနီးအနားကမှ ဟော့ဒီအိမ်နဲ့ တော်တော်ကိုရင်းရင်းနှီးနှီး ဆက်သွယ်နိုင်တဲ့ လူထဲကဖြစ်ရမယ်၊ နို့ပြီး မခင်မြင့်နဲ့ မောင်စိုးနွဲ့ သမီးရည်းစား ဖြစ်နေကြောင်းကို ကောင်းကောင်းသိရုံတင်မကဘူး သူတို့ချင်းပေးကြတဲ့ စာတွေ ကို ဖောက်ဖတ်လို့ပဲဖြစ်ဖြစ်၊ တစ်ဆင့် ပြောလို့ပဲဖြစ်ဖြစ်၊ ကောင်းကောင်းသိနေတဲ့ လူဖြစ်ရမယ်ဗျ၊ ကြည့်ပါလား ပြည်သွားရမယ့် အလုပ်အကြောင်းနဲ့ ပတ်သက် ပြီး မောင်စိုးနွဲ့ ရေးပေးသလောက် ကောင်းကောင်းပြောနိုင်နေတာ၊ မခင်မြင့်က တွေ့ဖို့ ချိန်းတဲ့စာကိုတော့ သူ့လက်ထဲ ရောက်နေမှာအမှန်ပဲ၊ မောင်စိုးနွဲ့ ဆီကတော့ သူ မလာဖို့ ပိတ်ပင်လိုက်မှာပဲ၊ လက်နှိပ်စက်နဲ့ ရိုက်တာဆိုတော့ လက်ရေးတူ ကူးနေစရာ အထူးမလိုတော့ဘူးပေါ့"

"အဲဒီလို တစ်ယောက်နဲ့တစ်ယောက် ပေးနေတဲ့စာတွေကို ဖောက်နိုင်တဲ့ အခွင့်အရေး ရှိတာကတော့၊ ရန်ကုန်စာတိုက်ကြီးမှာ ဆင်ဆာအဖွဲ့က လုပ်တဲ့ လူထဲကဖြစ်နိုင်တယ်ဗျ၊ သို့မဟုတ် ဆင်ဆာကလူနဲ့ ဆက်သွယ်တဲ့ လူထဲကဖြစ် နိုင်တယ်။ (ထိုစဉ်အခါ၌ အနောက်နိုင်ငံတွင် ဒုတိယကမ္ဘာစစ်ကြီး စတင်ဖြစ်ပွား နေပြီဖြစ်၍ ရန်ကုန် (G.P.O.) စာတိုက်ကြီးတွင် ဆင်ဆာအဖွဲ့ကို အထူးသဖြင့် ခေါ်ငင်ဖွဲ့စည်းထားပေ၏။)

"သူရေးခဲ့တဲ့ Want Nothing But Revenge ဆိုတဲ့ စာအသုံးအနှုန်း ထောက်တော့ သူ၏ပညာအရည်အချင်းဟာ သိပ်ပြီးမမြင့်လှဘူး၊ ၉ တန်း ၁၀တန်း လောက်ထက် မပိုဘူး…"

ကျွန်တော်က ဖြတ်၍ "ဒါတော့ဗျာ… သူ့ အိုင်စီအက်စ် ပဲဖြစ်ဖြစ် ဒေါက်တာဘွဲ့ပဲရရ၊ လွယ်လွယ်ကူကူနဲ့ နားလည်အောင် ရေးချင်သလိုရေးမှာ ပေါ့ဗျ၊ ဟို အနောက်နိုင်ငံက လူဆိုးတွေလိုတော့ Vendatta တို့ Tit for Tat တို့ ခက်ခက်ခဲခဲနဲ့ စကားလုံးလှအောင်တော့ ဘယ်ရေးမလဲဗျ"

ထွန်း ။ ။ "ဒါဖြင့်ဗျာ… ဗမာလို ရေးသွားပါတော့ဲ…"

တော် ။ ။ "ဩော်… ဗမာလိုရေးရင် ဗမာက ဗမာစာ ရေးနေကျဖြစ် တော့ မြင်ဖူး၊ တွေ့ဖူး များနေကြလို့ မှတ်မိမှာစိုးလို့ပေါ့ဗျ…"

mgyoe.com

mgyoe.com


ထွန်း ။ ။ ''အလဲ့… ကိုယ့်လူက အဟုတ်ကြီးပဲ… ခင်ဗျားပြောတဲ့ အစီပွာယ် ကျူပ်နားလည်ပါတယ်ဗျာ၊ အဲဒါ ထားပါတော့ နောက်တော့ ဘယ်လို ပညာအရည်အချင်း ရှိတယ်ဆိုတာ သိရလိမ့်မပေါ့။

အင်း… ဟိုဒင်း ဆက်စဉ်းစားစမ်းပါဦး… သူ့ရဲ့ ခွဲစိတ်ဖို့ ထိုးဖောက်ဖို့ တုပ်နှောင်ဖို့နဲ့၊ ခု ပြီးထုဖို့၊ ကိရိယာတွေဟာ သူ မခင်မြင့်ဆီလာတော့ မပါခဲ့ဘဲနဲ့ နောက်မှ နောက်ဖေးဆောင် သွားယူရတာ၊ ဒီတော့ အဲဒီဟာတွေကို စောစောက နောက်ဖေး လာဝှက်ထားနိုင်ဖို့ အခွင့်အရေးဟာ ဟောဒီအိမ်ကို တိုးလျှိုပေါက် ဝင်ထွက်သွားလာနိုင်တဲ့ လူထဲကဖြစ်ရမယ်၊ သူစိမ်းတစ်ရံစာထဲက မဟုတ်နိုင်ဘူး၊ ကိုဘခိုင်ကို ခေါ်မေးဦးမှပဲ၊ ကဲ… သွားခေါ်လိုက်ပါဦးဗျာ… ခင်ဗျားလည်း စုံထောက်နောက်က ပုလိပ်ဖြစ်နေပြီ''

''ကိစ္စမရှိပါဘူးဗျာ''ဟုဆိုရင်း ကျွန်တော်သည် ကိုဘခိုင်ဆီသို့ သွား၍ ခေါ်ငင်ခဲ့လေ၏။

ကိုဘခိုင်သည် အောင့်သိုးသိုး မှုန်ထိုင်းထိုင်းမျက်နှာကြီးနှင့် ဆေးပြင်းလိပ် ခဲရင်း ရောက်လာလေ၏။

ထွန်း ။ ။ ''ခင်ဗျားတို့အိမ်မှာ အကျွမ်းတဝင် ဝင်ထွက်သွားလာတဲ့ လူတွေကို ပြောစမ်းပါ''

ခိုင် ။ ။ ''ဒီလိုလူတွေတော့ အများကြီးရှိတာပေါ့…''

ထွန်း ။ ။ ''လူငယ်လူရွယ်ထဲက ရွေးပြောစမ်းပါ''

ခိုင် ။ ။ ''အဲဒီ အထဲကဆိုရင် မောင်ခင်ဦး၊ အလုံက စာရေးကြီး ဦးဘမောင်သား…''

ထွန်း ။ ။ ''အသက်ဘယ်လောက်ရှိမလဲ ဘာလုပ်သလဲ''

ခိုင် ။ ။ ''အသက် ၂၀ကျော်ပေါ့၊ ဂျီ ပီ အို မှာ ဆင်ဆာဘက်က လုပ်တယ်''

ထွန်း ။ ။ ''သြော်… ဆင်ဆာဘက်က၊ အင်း… သူ ဒီအိမ်မှာ တော်တော်ကျွမ်းကျွမ်းကျင်ကျင် ခင်ခင်,မင်မင်လား၊ ဆွေမျိုးကော တော်သလား''

ခိုင် ။ ။ ''မတော်ပါဘူး၊ လူကြီးချင်းတော့ ရင်နှီးတဲ့ မိတ်ဆွေတွေ ပါပဲ''

သူ အိမ်က ကောင်မလေးတွေနဲ့၊ ကျောင်းနေဖက်၊ အလကားပါ ဒီကောင် ခင်တင့်ကို လာပိုးနေတာ၊ မနေ့ကတောင် လာသေးတယ်''

mgyoe.com

mgyoe.com


ထွန်း ။ ။ "မနေ့က ဘယ်အချိန်လာသလဲ"

ခိုင် ။ ။ "မှောင်စ ပြုနေပါပြီ၊ အလုပ်က တန်းဝင်လာ ထင်ပါရဲ့၊ နောက်ဖေးလှေကားက တက်လာတယ်၊ နို့ပြီး ကျွန်တော့်မြင်တော့ အိမ်ရှေ့တံခါး ပိတ်ထားတာ မြင်လို့တဲ့၊ အလကားပါ ခွေးကောင် ခင်တင့် ရှိမလားလို့..."

ထွန်း ။ ။ "သူ့ကို ကျုပ်တွေ့ချင်တယ်"

ခိုင် ။ ။ "သူ့တွေ့ချင်... မြဟန် အခေါ်ခိုင်း... ရတာပဲ"

ထွန်း ။ ။ "မြဟန်နဲ့သူနဲ့ လူပေါင်းလား၊ တော်တော်ခင်သလား..."

ခိုင် ။ ။ "ဟာ... မြဟန်တော့ မပြောနဲ့ အိမ်လာတဲ့လူမှန်... သူ့ မိတ်ဆွေချည်းပဲ၊ သူက လူပေါင်းလည်းကောင်းတယ်၊ သူ့ မခင်မင်တဲ့လူ မရှိဘူး"

ထွန်း ။ ။ "မောင်ခင်ဦးအလုပ်က ဆင်ဆာမှာဆိုတော့ ညနေ ၆ နာရီ လောက်မှ အိမ်ပြန်ရောက်လိမ့်မယ်၊ အဲဒီအချိန်ကြတော့ ခင်ဗျားနဲ့ ကျုပ်နဲ့ သွားရ အောင်..."

ခိုင် ။ ။ "သွားနေစရာမလိုပါဘူး မြဟန်အခေါ်ခိုင်းလိုက် ရတာပဲ"

ထွန်း ။ ။ "သူ့ခေါ်ခိုင်းလို့ မဖြစ်ဘူးဗျ၊ ခင်ဗျားနဲ့ ကျုပ်နဲ့ နှစ်ယောက် တည်းသွားမှ၊ ကျုပ်ကလဲ ရုပ်ဖျက်လိုက်ရမယ်၊ ညနေတော့ ၅ နာရီခွဲလောက်၊ ခင်ဗျားတစ်ယောက်တည်း ကားမောင်းပြီး ကျုပ်အိမ် လာခဲ့၊ ခု ဒီမှာ ဖြစ်တဲ့ အကြောင်း သူတို့ဆီ အကြောင်းကြားပြီးပလား..."

ခိုင် ။ ။ "ဟင့်အင်း ဘယ်သူ့ဆီမှ အကြောင်းမကြားရသေးဘူး"

ထွန်း ။ ။ "ဒါဖြင့် ကောင်းတယ်၊ မကြားနဲ့ဦး၊ ဒရိုင်ဘာမြဟန် အကြောင်းပြောပါဦး'

ခိုင် ။ ။ "ကျွန်တော်တို့အိမ် ရောက်တာ တစ်နှစ်ကျော်ပြီ၊ အစဦးက ဖေဖေ့မိတ်ဆွေ ဝန်ထောက်ဦးဘဟန်ဆီမှာ လုပ်တယ်၊ ဦးဘဟန် နယ်ပြောင်းတော့ သူက မလိုက်ချင်ဘူးဆိုတာနဲ့ ဖေဖေက သူ့သဘောကျလို့ ခေါ်ထားလိုက်တာ၊ အင်မတန်တော်တယ်၊ မီးဖိုချောင်လည်း အကူအညီရတယ်၊ စိတ်သဘောလည်း ကောင်းတယ်၊ ဘယ်လူမျိုးနဲ့မဆို လိုက်လျောညီထွေ ပြောဆိုတတ်၊ ပေါင်းသင်းတတ် တယ်။ သူ့ အကျင့်ဆိုးကတော့ ပိုက်ဆံကလေးရှိရင် မြင်းပွဲ၊ ဖဲဝိုင်း သွားချင် တယ်၊ ရှုံးလို့ နိုင်လို့လည်း တယ်ပြီး ဝမ်းနည်း၊ ဝမ်းသာ ရှိလှတယ်မဟုတ်ဘူး၊ နို့ပြီး... နည်းနည်းပါးပါး သောက်ချင်စားချင်တယ်"

ထွန်း ။ ။ "သူ့ ဒီမှာအမြဲနေသလား၊ သားမယား မရှိဘူးလား"

mgyoe.com

mgyoe.com


ခိုင် ။ ။ "သားမယားမရှိဘူး၊ လူပျိုပြောတာပဲ၊ ဒီမှာ အလုပ်လုပ်ကတည်းက အမြဲနေတာပဲ၊ တစ်ခါတလေမှပဲ ဖေဖေ့ဆီ ခွင့်ယူပြီး သူ့ဆွေမျိုးမိတ်ဆွေတွေဆီ သွားတတ်တယ်"

ထွန်း ။ ။ "သူ့ဇာတိက ဘယ်ကလဲ"

ခိုင် ။ ။ "မှော်ဘီတောပိုင်း လှပဒါးရွာက ပြောတာပဲ"

ကျွန်တော်ကဖြတ်၍ "ဒီလူက အတော်ကျောကုန်းတဲ့လူဗျ"

ခိုင် ။ ။ "ဟုတ်တယ် ငယ်ငယ်က သစ်ပင်ပေါ်က လိမ့်ကျလို့တဲ့"

ထွန်း ။ ။ "ညနေကျ ခင်ဗျား ကျွန်တော့်ဆီလာခဲ့လေ၊ မောင်ခင်ဦးဆီသွားရမယ်၊ ခင်ဗျား သူ့ဆီ မေးရမယ့်စကားကတော့ မခင်မြင့်တို့ သမီးရည်းစားအကြောင်းနဲ့ ပတ်သက်ပြီး မေးရမယ်။ သူက ဆင်ဆာမှာ လုပ်တယ်ဆိုတော့သိနိုင်တယ်၊ ဒီကိစ္စဖြစ်တဲ့အကြောင်း မပြောမိမေးမှ၊ ဘယ်လိုမေးရမလဲဆိုတာလမ်းကြမှ သင်ပေးမယ်၊ ကျုပ်ကတော့ သာမန်မိတ်ဆွေ တစ်ယောက်အနေနဲ့လိုက်ရမှာပဲ"

ကိုဘခိုင်သည် ခေတ္တမျှစဉ်းစားနေဟန်ပြုပြီး "မောင်ခင်ဦးလို ကျွမ်းကျွမ်းကျင်ကျင် ဝင်ထွက်နေတာတော့ မောင်သန့်ဇင်ဆိုတာ တစ်ယောက်ရှိသေးတယ်ဗျ၊ သူက ဗဟန်းမှာနေတယ်"

ထွန်း ။ ။ "ဘယ်အရပ်ဇာတိလဲ၊ ဘာလုပ်သလဲ"

ခိုင် ။ ။ "သူကတော့ သာယာဝတီဇာတိ၊ ပညာဝန်ရုံးမှာ စာရေးလုပ်တယ်"

ထွန်း ။ ။ "အင်း…ကောင်းပြီလေ၊ သူ့ဆီလည်း သွားတွေ့ကြည့်သေးတာပေါ့"

ထို့နောက် ကျွန်တော်တို့သည် ထမင်းချက်အဒေါ်ကြီးအား အတော်အတန်မေးစမ်းပြီး အိမ်သို့ပြန်ခဲ့ကြလေ၏။

* * *

ကိုတောက်ထွန်းသည် အလိုရှိသလို ကုန်းနိုင်၊ ကော့နိုင်အောင် ပြုလုပ်ထားသော ပက်လက်ကုလားထိုင်ပေါ်တွင် သူ၏ ထုံးစံအတိုင်း ခေါင်းအုံးနှစ်လုံးကို လက်တံတစ်ဖက်တစ်ချက်ပေါ်၌ လက်မောင်းအောက်မှခုကာ ပက်လက်ကြီးအဆန့်သားနေ၍ ဆေးတံကို တစ်ဆုံပြီးတစ်ဆုံ ဖွာထုတ်လျက် တစ်နေ့လုံးစဉ်းစားခန်းဝင်နေလေ၏။

mgyoe.com

ကျွန်တော်မှာ ကိုဘခိုင်တို့အိမ်တွင် သူ ထင်မြင်ယူဆ ပြောဆိုခဲ့ပုံအချို့ကို ဉာဏ်မမီနိုင်၍ တအံ့တွေးတွေးနေရာမှ နေ့လယ် လက်ဖက်ရည်သောက်ချိန်၌ မျက်နှာချင်း ဆုံမိကြသဖြင့်…

ကျွန်တော်။ ။ "ကိုတောက်ထွန်းရဲ့ မေးစမ်းပါရစေဦး၊ ခင်ဗျား ပုဆိုးလှန်မကြည့်ဘဲနဲ့ ကပ်ပယ်အိတ် ထုသတ်ထားမှန်းကို ဘယ့်နှယ်ကြောင့် သိတာလဲ"

ထွန်း။ ။ "ဒါက ဒီလိုပါ၊ ကျုပ်ဟာ လူသေကိုမြင်ရင် မျက်လုံးကို အရင်ကြည့်တတ်တယ်၊ ဘာ့ကြောင့်လဲဆိုတော့ အများအားဖြင့် လူ တစ်ယောက်ဟာ ဘာပြုလို့၊ ဘယ်လို၊ ဘယ်သို့ခံစားပြီး သေရတာလဲ ဆိုတာကို မျက်လုံးမှာ ပေါ်နေတတ်တယ်ဗျ၊ အခု သူ့မျက်လုံးတွေကို ခင်ဗျားမြင်ခဲ့သားပဲ၊ ခါတိုင်း မြင်ခဲ့ရတဲ့လူသေတွေနဲ့ တူရဲ့လား၊ မျက်လုံးကြီးတွေက အထက်ပြူးလန်နေတယ်၊ မျက်နက်အိမ်က အထက်ဘက်လည်နေလို့ တစ်ဝက်မရှိတရှိသာပေါ်ပြီး သူငယ်အိမ် ဖြူဖြူကြီးသာပဲ အကြောကလေးတွေ သန်းသန်းနဲ့၊ မျက်လုံးအိမ်တစ်ခုလုံး ပြည့်မောက်နေတယ်၊ စင်စစ် မျက်လုံးအိမ်ဟာ နောက်ဘက်ကို လေးပုံတစ်ပုံ ပြန်လည်နေတာဗျ"

"နို့ပြီး မျက်နှာတစ်ခုလုံးလည်း အထက်ဆောင်ပြီး အစ်နေတယ်၊ အဲဒီလို ဖြစ်တာဟာ ရင်အောင့်လို့ ဖြစ်စေ၊ သို့မဟုတ် ဝေးတက်ပြီး အောင့်တဲ့အခါမှာ ဖြစ်စေ ဖြစ်တတ်တယ်ဗျ၊ နို့ပြီး ခြေကျင်းဝတ် လက်ကောက်ဝတ်တွေပွန်းပဲ့နေတာ ကြည့်ပြန်တော့လည်း ဓားနဲ့ လည်မျိုထိုးပြီး ရင်ခွဲသတ်တာဆိုရင် ဒီလောက်ရုန်းကန်မနေနိုင်ဘူး၊ မသေခင်မှာ တငင်ငင် မချိမဆန့် ခံနေရမှသာ ဒီလောက် နာနာကျင်ကျင် ပွန်းပဲ့ထွက်နေလောက်အောင် ရုန်းမှာ၊ အဲ့လိုတွေးနေတုန်း သူ့ရဲ့ပေါင်ချန်ကို ဂရုပြုပြီး ကြည့်လိုက်ပြန်တော့ နဂိုမဟုတ် မောက်မို့နေတာကိုတွေ့ရတယ်၊ နို့ပြီး ဗိုက်ပေါ်ခွထိုင်ဟန်ရှိတဲ့ တစ်ဖက်တစ်ချက်ခြေရာလည်း တွေ့ရပြန်တယ်၊ အဲဒါကြောင့် မကြည့်ဘဲနဲ့ အတိတကျ ပြောနိုင်တာ"

ကျွန်တော်။ ။ "ဩော်… ဒါဟာ ဂရုတစိုက်နဲ့ တွေးတောဆင်ခြင်တဲ့ အတတ်ပါပဲနော်၊ ကလှဲ့စားချေတာလို့ ရေးသွားတယ်ဗျ"

"ဦးဘိုးခလည်း ဒီလိုပြုခဲ့ဖူးထင်ပါရဲ့"

ထွန်း။ ။ "ဟုတ်ချင်ဟုတ်မှာ ငယ်ငယ်တုန်းက ဒီလူကြီးဟာ အတော်ဆိုးပေလာခဲ့တာ၊ ပြည်ဒီစတြိတ်မှာတော့ နာမည်ရပေါ့"

ကျွန်တော်။ ။ "ကလှဲ့စားချေတဲ့လူတော့ ကျေနပ်သွားရောပေါ့နော်၊ ကျကျနနကို လုပ်ကိုင်သွားတာ…"

mgyoe.com

mgyoe.com


ထွန်း။ ။ "ကျုနုဆို ကိုယ့်လူက ဉာဏ်လည်းရှိတယ်၊ သတ္တိလည်း ကောင်းတယ်၊ ဒီလိုလူမျိုးနဲ့ အလုပ်လုပ်ရတာ ပျော်တယ်ဗျာ… ရှေ့သူနဲ့ ကျုပ်နဲ့ ဘယ်သူက ဘယ်လိုစခန်းသွားမယ်ဆိုတာ တွေ့ရဦးမယ်… ရဲလည်း အတော်ရဲတဲ့ လူဗျို့… ကြည့်ပါလား… လူသေကို စိတ်ရှိလက်ရှိ ခွဲချမ်းပြီးကာမှ သူလိုချင်တဲ့ပစ္စည်းကိုရှာတာ၊ ရှာလို့မတွေ့မှ စာကိုရေးတာဗျ၊ စာရေးဖို့ မြေဖြူလည်း တမင်ယူလာဟန်တူတယ်။ သူ့စိတ်ထဲမှာ ဒီလိုရေးဖို့ကို အာသီသရှိနေတာဗျ၊ သူအသုံးပြုလိုက်တဲ့ ပစ္စည်းတွေထောက်တော့လည်း၊ သူဟာ ဒီလိုပြုမူဖို့ ကလဲ့စားချေဖို့ကို၊ ရက်ရှည်လများ ကြိုတင်ကြံစည်နေကြောင်း ထင်ရှားတယ်ဗျ"

"အဲ… အခု ညကမှပဲ ဦးဘိုးခ မိန်းမကလည်းမရှိ၊ မခင်မြင့်ကလည်း ရည်းစား ကိုချိန်း၊ ကိုဘခိုင်ကလည်း နိုက်ကျူတီသွားရနဲ့၊ အခွင့်အရေးကောင်းရသွားတာပဲ၊ မောင်စိုးနွဲ့ကလည်း ရည်းစား အိမ်ကိုခေါ်တွေ့ဖို့ စာရေးနေတာ ကြာလှပြီဆိုတော့ သူ ဒါကိုစောင့်ကြည့်နေလိမ့်မယ်ဗျ၊ ဒီလိုအခွင့်အရေးမရရင်၊ ကိုဘခိုင်တို့အိမ်က အပေါ်ထပ်တက်ဖို့ အလွန်ခဲယဉ်းနေတာ၊ အိမ်က ဘယ်လောက်ခိုင်လုံသလဲ၊ ခင်ဗျား မြင်ခဲ့တဲ့အတိုင်းပဲ၊ အိမ်ရှေ့က တံခါးနှစ်ဆင့်၊ နောက်ဖေးဆောင်က တံခါးနှစ်ခု၊ ဖောက်ပြန်ရင်လည်း၊ လူနိုးလွတ်မှာမဟုတ်ဘူး၊ အခုတောင် ပြန်ကာနီးအထုပ်ချတာကို ဦးဘိုးသင်း နိုးသေးတာ…"

ကျွန်တော်။ ။ "ဒီလူ့နှယ်ဗျာ… သူ့အထုပ် ချလိုက်လို့ ဦးဘိုးသင်းနိုးပြီး ချောင်းဟန့်နေတာတောင် ရုတ်တရက်ပြန်မသွားသေးဘဲ တံခါးပြန်ပိတ်ပြီး မင်းတုပ်ထိုးနေရသေးတယ်၊ တော်တော်အတင့်ရဲတဲ့လူ…"

ထွန်း ။ ။ "ဒီလူက ဦးဘိုးသင်း အသက်အရွယ် ကြီးနေပြီ၊ ရုတ်တရက် မထတတ်မှန်း သိနေတယ်ဗျ၊ နို့ပြီး ဓာတ်မီးခလုတ်နဲ့ မနီးမှန်းလည်း သိနေတယ်။ ဒါကြောင့် ဒီလူဟာ ဒီအိမ်မှာ တော်တော် ကျွမ်းကျွမ်းကျင်ကျင် ထဲကဖြစ်ရမယ်လို့ ယူဆတာဗျ၊ တကယ်လို့ ဦးဘိုးသင်း ထလာတာနဲ့ သူထွက်လာတာနဲ့ ဆုံနေရင်လည်း၊ အကြမ်းတွယ်မဲ့ လူဗျ၊ ပြတင်းပေါက်ပြန်ပိတ်ခဲ့တာကလည်း သူ့ကိရိယာထုပ်ကို ပြန်ယူရဦးမယ်ဗျ၊ သူ မိန်းကလေးအခန်းထဲပြန်ရောက်မှ ဦးဘိုးသင်း၊ ဦးဘိုးခအခန်းထဲ ဝင်ကြည့်တောင်ပဲ သတ်ထားတာတွေလို့ ဦးဘိုးသင်းသာ ရဲရဲရင့်ရင့်နဲ့ တစ်ခုခုကျူးသံကြားလိုက်တယ်ဆိုပြီး ပြတင်းပေါက်ပွင့်နေတာတွေ့ရင် ဒီကများဆင်းပြေးသလားအထင်နဲ့ အောက်ငုံ့ကြည့်မယ် မဟုတ်လား၊ လက်နှိပ်ဓာတ်မီးကလည်း ဦးဘိုးခ အိပ်ရာပေါ်မှာရှိနေတာပဲ၊ ကိုယ်တို့လူက အဲဒီအထိ စဉ်းစားတဲ့လူဗျ"

mgyoe.com

mgyoe.com


ကျွန်တော်။ ။ "နေပါဦး ကိုတောက်ထွန်းရယ်၊ သူ့ ကိရိယာတွေကလည်း လုပ်ကိုင်ပြီးနေမှဟာ၊ ထားလည်း မပစ်ခဲ့နိုင်ဘူး၊ ပြန်ယူနေရသေးသလားဗျ"

ထွန်း။ ။ "ခင်ဗျားကလည်း တယ်နှိုက်နှိုက်ချွတ်ချွတ် မေးတဲ့လူပဲ"ဟု ဆိုပြီး ခေတ္တစဉ်းစားနေ၏။ တစ်ဖန်ဆက်၍…

"ဟာ ခင်ဗျားနှိုက်နှိုက်ချွတ်ချွတ်မေးတာ ကောင်းတယ်ဗျို့… ကျုပ်စဉ်းစားမိပြီ၊ ဒီကိရိယာတွေ မရမက ပြန်ယူတဲ့ အဓိပ္ပာယ်လေ‥ ဒီဟာတွေထဲက တစ်ခုခုကိုတွေ့ရင် ဥစ္စာရှင်ကို သိနိုင်လို့လည်းဖြစ်ရမယ်၊ သို့မဟုတ် ဒါတွေကို နောက်ပြန်ပြီး အသုံးချဖို့ရင်လည်း ဖြစ်ရမယ်၊ ဒီလိုဆိုရင် သူ့ကိစ္စမပြီးသေးဘူး၊ သူလိုချင်တာ မရသေးဘူးဆိုတာ သေချာတာပေါ့ဗျာ၊ သူလိုချင်တဲ့ဟာကလည်း ကမ္ဘာမှာ ရှားတဲ့ဟာမျိုးထဲက ငွေပေးမရတဲ့ဟာမျိုးထဲက ဖြစ်ရမယ်၊ နို့ပြီး ဒီလူကလည်း သူ လိုချင်တာကို မရ,ရအောင် ကြံတတ်တဲ့ လူမျိုးထဲကလည်း ဖြစ်ရမယ်ဗျ။ သဘောကျတယ်ဗျာ… ဒီလို လူမျိုးနဲ့ အလုပ်လုပ်ရတာ"ဟု ကိုတောက်ထွန်းသည် မျက်လုံးတို့ကို တောက်ပစွာ လှုပ်ရှားကြည့်ရှုရင်း ပြောလိုက်လေ၏။

* * *

ညနေ ၆ နာရီခန့်တွင် လက်ပြင်ကုန်းကုန်း၊ မျက်ခုံးထူထူ၊ ပါးပိန်ပိန်၊ သွားခေါခေါ၊ အသားညိုညို၊ နကို ကိုတောက်ထွန်းနှင့် အနည်းငယ်မျှ မတူသော လူတစ်ယောက်သည် မန္တလေးလုံချည်အနီကွက်၊ သက္ကလပ် အပေါ်အင်္ကျီ ညိုမှိုင်းမှိုင်းတို့ကို ဝတ်ကာ ဖော့ဦးထုပ်ကြီးကိုဆောင်း၍ မန္တလေးနယ်က တောပွဲစားကြီး စတိုင်ကဲ့သို့ ကျွန်တော်တို့ အဝတ်လဲခန်းထဲမှ ထွက်လာကာ ကားကို ကိုယ်တိုင်မောင်းလာသော ဒေါသကုမ္ဘာရ ကိုဘခိုင်နှင့်အတူ လိုက်သွားလေ၏။

ကျွန်တော်သည် ပျင်းရိလှစွာ စာတစ်အုပ်ကို ထိုင်ဖတ်ရင်း သူတို့ အပြန်ကိုသာ စောင့်မျှော်နေမိ၏။

ည ၇ နာရီခန့်တွင် ထိုမန္တလေး တောပွဲစားကြီး ပြန်လာကာ အဝတ်လဲအခန်းထဲသို့ ဝင်သွားပြီး၊ မကြာမီ ကိုတောက်ထွန်း ထွက်လာလေ၏။

ကျွန်တော်။ ။ "ဘယ့်နှယ်လဲဗျ၊ ကိုတောက်ထွန်း ဘယ်လိုများ အကြောင်းထူးခဲ့သလဲ"

ထွန်း။ ။ "အကြောင်းထူးထူးတော့ သိပ်မရခဲ့သေးဘူးဗျာ"

mgyoe.com

mgyoe.com


ကျွန်တော်။ ။ "ဒါဖြင့် နည်းနည်းတော့ ရခဲ့တယ်ဆိုတဲ့ အဓိပ္ပာယ်ပေါ့၊ ဘယ်လိုများ ဆက်သွယ်ခဲ့ကြသလဲ"

ထွန်း။ ။ "ကျုပ်ကတော့ သာမန်မိတ်ဆွေတစ်ယောက်အနေနဲ့ပဲ၊ ကိုဘခိုင်ကတော့ သူညီမအကြောင်းနဲ့ပတ်သက်ပြီး မေးရတယ်ဗျ"

ကျွန်တော်။ ။ "ဘယ်လိုများ မေးခဲ့သလဲ ဆိုစမ်းပါဦး"

ထွန်း။ ။ "မောင်ခင်ဦးက၊ ဦးဘိုးခ အသတ်ခံရတဲ့အကြောင်းကိုအလုပ်သွားရင်းနဲ့ ဒရိုင်ဘာ မြဟန်နဲ့တွေ့လို့ သိနေနှင့်ပြီတဲ့ဗျ၊ ခုလည်း သူလာတော့ မလို့ဆိုတော့ ဦးဘိုးခရဲ့ စီမံထားချက်အရ မခင်မြင့်ကို လူတစ်ယောက် နဲ့ ချက်ချင်း အိမ်ထောင်ချဖို့ စီမံရမယ်၊ မခင်မြင့်မှာ စာပေးစာယူလုပ်နေတဲ့ ရည်းစားတစ်ယောက်ရှိနေတယ်လို့ကြားလို့၊ ဆင်ဆာမှာလုပ်ရင်းနဲ့ သူတို့ချင်း ပေးကြတဲ့ စာများ မတွေ့မိဘူးလားလို့ မေးရတယ်ဗျ"

ကျွန်တော်။ ။ "ဒီတော့ သူကဘာပြောသလဲ"

ထွန်း။ ။ "သူ ဂရုမပြုမိတဲ့အကြောင်း၊ ဆင်ဆာကလူတွေဟာ သူတို့အလိုရှိတဲ့စာတွေကိုသာ ရွေးချယ်ဖောက်ဖတ်လေ့ရှိကြောင်း ပြောလိုက် တယ်ဗျ၊ မခင်မြင့်စာကို ဘယ်သူများ ဖောက်ဖတ်လေ့ ရှိသလဲဆိုတာကို စုံစမ်းလိုက်ပါဦးမယ်ပြောတယ်ဗျ၊ အဲဒါကို ပိတ်ပင်ခဲ့ရတယ်။ လူကတော့ ဘူးသမားလေးပဲ၊ ဘယ်လိုဘူးသမားသာ မသိရသေးတယ်"

ကျွန်တော်။ ။ "လူရွယ်က ဘယ်လိုလဲဗျ"

ထွန်း ။ ။ "အရွယ်ကောင်း၊ လူချော အပြောသွက်ကလေးပေါ့"

ကျွန်တော်။ ။ "ဟို… ကိုသန့်ဇင်ဆိုတာကကော"

ထွန်း။ ။ "သူ့ကို မတွေ့ခဲ့ဘူးဗျ၊ မနေ့ကပဲ ခရမ်းသွားသတဲ့ ကိုစောလွင် အပေါ်အင်္ကျီဝတ်ဖို့၊ ပြည်ရထား ဆိုက်ပြီးပြီ၊ ခုလောက်ရှိ မောင်စိုးနဲ့ ကလေး အချုပ်ခန်းထဲရောက်နေရောပေါ့၊ သိပ်ကြောက်နေမှာပဲ၊ သွားပြီး အားပေးစကားလေး ဘာလေးပြောရအောင်၊ ခင်ဗျားမှာ စာအိတ်အလွတ်ရှိလား၊ တစ်ခုလောက် ယူခဲ့ဖို့၊ မရှိလည်း လမ်းကျ ဝယ်တာပေါ့"

✿

mgyoe.com

mgyoe.com

## ရည်းစားသည်  မောင်စိုးနွဲ့

ကျွန်တော်သည် မကြာမီ မောင်စိုးနွဲ့ရှိရာ အချုပ်ခန်းသို့ ရောက်ခဲ့ကြ လေ၏။

ခရမ်းသုံးခွနယ် ပက်လက်ခေါ်ရွာမှ သူ၏ မိဘများသည် မြန်မာကျောင်းဆရာများဖြစ်၍ သူသည် ရန်ကုန်သို့လာပြီး၊ သူဦးရီး တစ်ယောက်နှင့်အတူ အရောင်းအဝယ်လုပ်ကိုင်နေကြောင်းကို သိရ၏။

အရပ်အမောင်းမှာ ကြည့်ကောင်းတန်ရုံနှင့် အသားဖြူဖြူသွယ်သွယ် မျက်နှာပေါက်မှာ၊ မခင်မြင့်ပြသော ဓာတ်ပုံထဲက အတိုင်းပင်၊ 'လူတစ်ယောက်ကို လက်သီးနဲ့ ထိုးဝံ့ဖို့တောင် အတော်ခဲယဉ်းတယ်'ဟု ကိုတောက်ထွန်း ပြောသည့်အတိုင်းပင်၊ အလွန်တုန်လှုပ် ချောက်ချားနေရှာ၏။

အမှုဖြစ်ပုံကို သိပြီးဖြစ်နေ၍၊ သူ၏ ရာဇဝတ်ဘေးနှင့် ရည်းစားသည် လူမှားလက်ခံမိပုံကို တွေးတော သောကဖြစ်နေမည်မှာ ယုံမှားဖွယ် မရှိချေ။ သူ၏ ညာတကာနံ တို့လည်း ပူပန်နှောင့်ယှက်၊ ယောက်ယက်ခတ်နေကြကုန်၏။ ကိုတောက်ထွန်းအား မောင်စိုးနွဲ့၏ ရိုးသားဖြောင့်မတ်ကြောင်း အကျင့်စာရိတ္တကောင်းမွန်ကြောင်း မိကောင်း၊ ဖခင်သားဖြစ်ကြောင်းတို့ကို ပြောဆိုကာ၊ ငွေကြေးကုန်ကျမည်ကို ပဓာနမထားဘဲ အပြစ်ဘေးမှ လွတ်ကင်းအောင် ကြိုးစားပေးပါမည့်အကြောင်းကို တိုးလျှိုးတောင်းပန်ကြကုန်၏။

ကိုတောက်ထွန်းကလည်း ဤအမှု၌ မိမိသည် မောင်စိုးနွဲ့ကို မယူဆကြောင်း၊ တရားခံအစစ်ကို ရှာဖွေပေးဖို့မှာ မိမိတာဝန်ဖြစ်ကြောင်းနှင့် ပြောဆိုကာ နှစ်သိမ့်စေ၏။

ထို့နောက် ကိုတောက်ထွန်းသည် မောင်စိုးနွဲ့အား...

mgyoe.com